# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 2 January 2023 ၁၀၉၆၈


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### အစဉ်အလာကောင်းများရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့်နေ့ဖြစ်ပါကြောင်း၊ အေးချမ်းသာယာပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)ဦးနု(ကိုယ်စား) သမီး ဒေါ်သန်းသန်းနုကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

### လွတ်လပ်ရေးဆိုတဲ့ ဘိုးဘွားအမွေစစ်ကို ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ ပညာရေး

ဆောင်းပါး စာမျက်နှာ » ၈




### တရုတ်နိုင်ငံက ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း 5G မိုဘိုင်းဖုန်း ၁၉ ဒသမ ၅၂ သန်းနီးပါး တင်ပို့နိုင်ခဲ့

စာမျက်နှာ » ၁၃




### ဆရာ အောင်လင်း၏ အခန်းဆက် ဝတ္ထုရှည်

စာမျက်နှာ » ၂၂

ကြေးမုံ

# လွတ်လပ်ရေးအသီးအပွင့် တန်းတူရရှိရေးကြိုးပမ်း

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏သမိုင်းတွင် ထူးခြားလေးနက်မှုကိုဆောင်သည့် လွတ်လပ်ရေးနေ့ဖြစ်ပေသည်။ ယခုနှစ်တွင် ပိုမို၍ ထူးခြားလေးနက်မှု ဝိသေသလက္ခဏာများကို ဆောင်ကြဉ်းနေသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

လူတို့၏ဘဝသက်တမ်းတစ်ခုစာမျှ ကြာမြင့်နေပြီဖြစ်သည့် မငြိမ်းချမ်းသောအခြေအနေများကြောင့် လွတ်လပ်ရေးအသီးအပွင့်များအား တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှ ခံစားနိုင်ခွင့်မရှိကြသေးသည်ကို တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများရှိ တိုင်းရင်းသားပြည်သူများမှာ ဒုက္ခဆင်းရဲအပေါင်းတို့ကို ခံစားနေကြရသည့်အပြင် ပြည်ထောင်စုကြီးသည်လည်း အခြားသောနိုင်ငံများနှင့် တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်နေသည့် အခြေအနေများကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်မှသာလျှင် လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှခံစားနိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစတင်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လေးနှစ်ကျော်ကာလကြာအောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၁)ကြိမ် ထုတ်ပြန်ပေးခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးခဲ့သည်။

ယခုအခါ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်နှင့် ၁၁ လကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟူသော လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မိဘပြည်သူများသို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေးဖိတ်ခေါ်ခဲ့သည်။ ထိုသို့ဖိတ်ခေါ်ခဲ့ရာတွင် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် DKBA၊ KNU-KNLA/PC၊ PNLO၊ NMSP၊ ALP၊ RCSS (SSA)၊ LDU စသည့် အဖွဲ့ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UWSA၊ NDAA၊ SSPP(SSA) စသည့် အဖွဲ့သုံးဖွဲ့ စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် နှစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။

ယခုအခါ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြပြီး တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်စဲပေးထားသည့်ကာလအတွင်း ပြည်ထောင်စုကြီးအကျိုးကို ရှေးရှု၍ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ပိုင်းရပ်ကွက် စံပယ်ခြံကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွန်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို ယမန်နေ့နံနက်ပိုင်းတွင် ဆက်ကပ်လှူဒါန်းခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံစာသင်တိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇာတဗိမာန်မိုးကုတ်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋကလင်္ကာရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မန်ကျည်းတောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဒလမြို့နယ်ရှိ ကမာကဆစ်အနောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ တာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်းတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးကျော်သူရနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ယခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည် တည်တံ့ရေးအတွက် အသက်ခန္ဓာပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်

☆ ရှေ့ဖုံးမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့်သွေးချွေးများကို ပေးဆပ်ပြီး ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့် အခါသမယတွင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင် ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးနေဝင်း(ကိုယ်စား) သမီး ဒေါက်တာခင်စန္ဒာဝင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်၏ အရေးအရာများနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများရှိခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများရှိနေသေးပါကြောင်း၊ ယခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးအတွက် အသက်ခန္ဓာပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများ အားလုံးကို ဂုဏ်ပြုချီးမြှင့် ပေးအပ်ခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိနိုင်ရန် ကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် နှစ်ပေါင်း ၁၀၀ ကျော် မိမိတို့မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရသည့်အတွက် အလွယ်တကူရရှိခဲ့ခြင်း မဟုတ်သည်ကို မမေ့အပ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့် စွန့်လွှတ်စွန့်စားပြီး ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ ရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ အသက်ခန္ဓာပင်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်မျိုးချစ်ပုဂ္ဂိုလ်များ စွန့်လွှတ်စွန့်စားအားထုတ်ကြိုးပမ်းရယူခဲ့သည့် မြန်မာ့လွတ်လပ်ရေး **စာမျက်နှာ ၄ သို့ ☆**

**○ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးအတွက် အသက်ခန္ဓာပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်**

**○ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိနိုင်ရန် ကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မဟာသရေစည်သူဘွဲ့ ရရှိသည့် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးအေးကို(ငြိမ်း) (ကိုယ်စား) မြေး ဒေါ်မေသက်ကျော် ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသည့် ဦးစိန်လွင်၏ သမီး ဒေါက်တာချိုလွင်ဦး ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း) ကိုယ်စား သမီး ဒေါ်သီတာကျော် ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။



☆ စာမျက်နှာ ၃ မှ

အစဉ်ထာဝရတည်တံ့ နေစေရန်အတွက် ယခုကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွတ်လပ်သည့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်တာဝန်သည် မိမိတို့မြန်မာနိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူအားလုံး၏တာဝန်ပင် ဖြစ်ပါကြောင်း။

**ကောင်းမွန်သည့်အစဉ်အလာကောင်း**

ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ဘက်စုံ၊ ထောင့်စုံမှတည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို အများထက်ထူးကဲသာလွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည်ကောင်းမွန်သည့်အစဉ်အလာကောင်း တစ်ရပ်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကိုပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့က ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ၂၀၁၄ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်များကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးထောက်ခံတင်ပြချက်များအရ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပပြုလုပ်ချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ၂၀၂၂ ခုနှစ်အတွင်း ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ၇၄၄ ဦးကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အခမ်းအနား ပထမနေ့တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ရရှိသူ သုံးဦး၊ သတိုးသီရိသုဓမ္မဘွဲ့ရရှိသူ တစ်ဦး၊ အဂ္ဂမဟာ သရေစည်သူဘွဲ့ရရှိသူ လေးဦး၊ သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ နှစ်ဦး၊ မဟာသရေစည်သူဘွဲ့ရရှိသူ ခြောက်ဦး၊ သရေစည်သူဘွဲ့ရရှိသူ ၁၁ ဦး၊ စည်သူဘွဲ့ရရှိသူ ၇၈ ဦး၊ သီဟသူရဘွဲ့ ရရှိသူ တစ်ဦး၊ သူရဘွဲ့ရရှိသူ လေးဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၅၀၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ(သံအမတ်ကြီးများ) ၂၈ ဦး၊

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း(ငြိမ်း)ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီဟသူရဘွဲ့ရရှိသည့် ဗိုလ်မှူးစိုးသူရ ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသည့် ဗိုလ်ကြီးထက်မြတ်အောင် ကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသည့် ဗိုလ်မှူးကြီးအောင်မျိုးကျော် ကိုယ်စား ဇနီးဖြစ်သူကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ

ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ (အကြံပေး ပုဂ္ဂိုလ်) ရှစ်ဦး စုစုပေါင်း ၂၀၆ ဦးတို့ကို လက်ရောက် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသော သင်္ကေတ အမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်း အလေးအနက် ပြောကြားလိုပါကြောင်း၊ မိဘ၊ ဘိုး၊ ဘွားများ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့သည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက် စောင့်ထိန်းပေးရန်လည်း ပြောကြားလိုပါကြောင်း။

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသကဲ့သို့ ဆက်လက်ပြီး အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ပေးအပ်ရာ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိကြသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)ဦးနု(ကိုယ်စား) သမီး ဒေါ်သန်းသန်းနု ကို လည်းကောင်း၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးစန်းယု (ကိုယ်စား)သမီး ဒေါ်လဲ့လဲ့ယု ကို လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်မှူးကြီးစောမောင် (ကိုယ်စား)သား ဦးသီဟစော ကို လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့ဖြစ်သည့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးနေဝင်း(ကိုယ်စား) သမီး ဒေါက်တာ ခင်စန္ဒာဝင်းကိုလည်းကောင်း၊

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ဗိုလ်ချုပ်အောင်အောင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၅ မှ

သတိုးမဟာသရေစည်သူ ဘွဲ့ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) ဗိုလ်ချုပ်ကြီး သူရကျော်ထင် (ကိုယ်စား) ဦးသန့်ကျော်ကိုလည်းကောင်း၊ မဟာသရေစည်သူဘွဲ့ ရရှိကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)ဦးဗဆွေ (ကိုယ်စား) သမီး ဒေါ်နေရည်ဗဆွေ၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) သူရဦးထွန်းတင် (ကိုယ်စား) သား ဦးရဲမြင့်ထွန်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးအေးကို(ငြိမ်း)(ကိုယ်စား) မြေး ဒေါ်မေသက်ကျော်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)(ကိုယ်စား) သား ဦးဇော်ထွန်းနှင့် ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဦးကျော်ငြိမ်း(ကိုယ်စား)သမီး ဒေါ်ချိုချိုကျော်ငြိမ်းတို့ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သီဟသူရဘွဲ့၊ သူရဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ဗိုလ်ချုပ်ထွန်းတင်(ငြိမ်း)ကိုယ်စား သမီးဖြစ်သူကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် သံအမတ်ကြီးဦးသန့်စင်ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



**“အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။”**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]




ပုဂံရှုခင်းအလှ

ဓာတ်ပုံ - ဦးနေလင်း (မြန်/ဆက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ရွှေခုနစ်ခု၊ ငွေကိုးခု၊ ကြေးလေးခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/ အမျိုးသမီး ဝိတ်တန်းအလိုက် ဗန်တို အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒိုင်ဆရာကြီးများနှင့် သိုင်းပညာရှင်ဆရာကြီးများက လည်းကောင်း၊ အမျိုးသမီး (၄၉-၅၃)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား/ အမျိုးသမီး (၄၅-၅၀)ကီလို ဓားတစ်လက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်လေးမွန်က လည်းကောင်း၊ အမျိုးသား/အမျိုးသမီး (၄၀-၄၅)ကီလို ဓားတစ်လက်ပြိုင်ပွဲနှင့် အမျိုးသမီး တစ်ကိုယ်တော် လှံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း။

(အမျိုးသား/ အမျိုးသမီး) တစ်ကိုယ်တော်တုတ်ရှည် စွမ်းရည်ပြပြိုင်ပွဲနှင့် (အမျိုးသား) တစ်ကိုယ်တော် လှံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းက လည်းကောင်း၊ အမျိုးသား (၄၉-၅၃)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲနှင့် (အမျိုးသား/ အမျိုးသမီး) တစ်ကိုယ်တော် ဓားတစ်လက်၊ ဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး ဝိတ်တန်းအလိုက် ဗန်တို အတိုက်ပြိုင်ပွဲနှင့် အမျိုးသား(၄၅-၅၀)ကီလို ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က လည်းကောင်း။

(အမျိုးသား/ အမျိုးသမီး) တစ်ကိုယ်တော် လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများနှင့် အမျိုးသား/အမျိုးသမီး ဓားအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသည့် အောင်ပြည့်သူ(ရန်ကုန်)နှင့် လဲ့လဲ့ဝင်း(ရှမ်း)၊ အမျိုးသား/ အမျိုးသမီး တစ်ကိုယ်တော်လက်သိုင်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြသည့် စံလင်း (ဧရာဝတီ) နှင့် မာရီနာ(ရန်ကုန်)တို့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်းဆုဆွဲပြား၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ရွှေလေးခု၊ ငွေလေးခု၊ ကြေးနှစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရွှေငါးခု၊ ငွေငါးခု၊ ကြေးနှစ်ခုတို့ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ရွှေခုနစ်ခု၊ ငွေကိုးခု၊ ကြေးလေးခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်ကလည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့နှင့် ဒုတိယနေ့ပွဲစဉ်များတွင် အမျိုးသား သံပြားဝိုင်းပစ်နှင့် အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲ အမျိုးအစားများ၌ ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀၀၀၊ အမျိုးသား၂၀ ကီလိုမီတာ လမ်းလျှောက်၊ အမျိုးသမီး ၁၀ ကီလိုမီတာ လမ်းလျှောက်နှင့် အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ အမျိုးအစားများတွင် ဆုရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့၌ မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မလှိုင် ဇန်နဝါရီ ၁

မိတ္ထီလာခရိုင် မလှိုင်မြို့ မြို့မအားကစားကွင်း၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီမှစတင်၍ ပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများက ထုပ်ဆီးတိုး၊ အာလူးကောက်၊ ခေါင်းအုံးရိုက်၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့်အဖွဲ့တို့က အားပေးကြည့်ရှုကြသည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးဆိုတဲ့ ဘိုးဘွားအမွေစစ်ကို ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ ပညာရေး

ဒေါက်တာမောင်သင်း

ပညာရေးမှာ **'မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်တဲ့ပညာရေး'** (Decade of Education for sustainable development၊ DESD) ရဲ့ ဆယ်စုနှစ်လို့ သတ်မှတ်ခဲ့တာရှိခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိပါ။ အဲဒီနောက်မှာလည်း **'မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်း'** (sustainable development)နဲ့ဆိုင်ရာပညာရေးကို ယနေ့ထိတိုင် ဆက်လက်အကောင်အထည်ဖော်ခဲ့ကြပါတယ်။

**မပျက်မယွင်းအောင်ထိန်းသိမ်း**

မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းမှာ ရုပ်ဝတ္ထုတွေနဲ့ပတ်သက်ပြီး "ယနေ့လူသားတွေ လိုအပ်သလောက်သာ သဘာဝသယံဇာတတွေကိုသုံးပါ။ ဒါပေမဲ့ အဲဒီလိုသုံးစွဲမှုဟာ နောက်မျိုးဆက်တွေသုံးဖို့ လက်ရှိအခြေအနေအတိုင်း ချန်ခဲ့တာမျိုးဖြစ်အောင် သုံးပါ" လို့ ဆိုလိုတာပါ။ သုံးလည်း သုံး၊ မကုန်စေနဲ့ သဘောပါ။ မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတာဟာ ယခုလက်ရှိအခြေအနေတွေအားလုံးကို ဖျက်ဆီးပစ်ပြီးမှ အသစ်တည်ဆောက်ခြင်း မဟုတ်ပါ။ ဆိုလိုတာက လူမျိုးတစ်မျိုးရဲ့ရှေးပဝေသဏီကတည်းက တည်ရှိလာတဲ့ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ရိုးရာဓလေ့စတဲ့ လူမျိုးရဲ့ **'အမျိုးသားစံ'** တွေ ဖျက်ဆီးပစ်ပယ်ပြီးမှ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ဖို့ မဟုတ်ပါ။ မိမိရှိပြီးသား 'အမျိုးသားစံ'တွေကို မပျက်မယွင်းအောင် ထိန်းသိမ်းရင်း ပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းပါ။

နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာ စည်းလုံးညီညွတ်မှုနဲ့ တရားမျှတမှု အပါအဝင် ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဝိသေသဂုဏ်ပုဒ်တွေကိုလည်း မပျက်မယွင်းစေဘဲ နောက်မျိုးဆက်တွေကို လက်ဆင့်ကမ်းပေးနိုင်ရပါမယ်။ ဒါ့အပြင် သစ်တော၊ သယံဇာတစတဲ့ ရုပ်ဝတ္ထုတွေ ထုတ်ယူသုံးစွဲရာမှာလည်း နောင်နှစ်ပေါင်း မည်မျှပင်ကြာပါစေ သစ်တောပမာဏ မူလအတိုင်း မပျက်မယွင်းရှိနေအောင် သုံးစွဲတတ်ဖို့ဖြစ်ပါတယ်။ ဒီအမြင်၊ အသိနဲ့အကျင့်မျိုးရအောင်လေ့ကျင့်ပေးနိုင်တဲ့ ပညာရေးကို "မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်း" ကို ဖော်ဆောင်တဲ့ ပညာရေးလို့ ဆိုပါတယ်။

လွတ်လပ်တဲ့ မြန်မာနိုင်ငံနဲ့အတူ မွေးဖွားလာတဲ့ ကျွန်တော်တို့ နိုင်ငံတော်သီချင်းမှာ **'တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ'** ဆိုတဲ့ အားလုံးဝိုင်းဆိုရတဲ့ အပိုဒ်ကလေးဟာ မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်တဲ့ပညာရေးကို မီးမောင်းထိုးပြခဲ့ခြင်းပါ။ ဘယ်ခေတ်ဘယ်အခါမဆို ရှင်သန်နေရမယ့် **'ပညာရေးရဲ့အနှစ်သာရ'** ပါ။ နိုင်ငံတော်သီချင်းပါစာသားတွေဟာ ဆိုကောင်းဖို့ သက်သက်မဟုတ်ပါ၊ ကျွန်တော်တို့နိုင်ငံသားတိုင်း လိုက်နာကျင့်ကြံ အကောင်အထည်ဖော်ရမယ့် အချက်ပါ။ ကိုယ်တိုင်ကျင့်ကြံရုံနဲ့လည်း မပြီးသေးပါ၊ နောက်မျိုးဆက်တွေ အဲဒီခံယူချက်နဲ့ အကျင့်ကို မဖြစ်မနေ လက်ဆင့်ကမ်းပေးဖို့လည်း ပါဝင်ပါတယ်။ ဒါမှသာ ဘိုးဘွားတို့ရဲ့ အသက်၊ သွေး၊ ချွေးတို့နဲ့ ရင်းနှီးရယူခဲ့တဲ့ လွတ်လပ်ရေးကို ဘိုးဘွားအမွေကို အသက်စွန့်ထိန်းရမယ့် မျိုးဆက်တွေ ဆက်ပြီး တည်ရှိနေမယ်။ နိုင်ငံဟာလည်း လွတ်လပ်တဲ့ အချုပ်အခြာအာဏာ၊ တည်တံ့တဲ့ နိုင်ငံအဖြစ် ထာဝရတည်ရှိနေပေလိမ့်မယ်။

ကမ္ဘာ့ပညာရေး ပညာရှင်တွေ လက်ခံထားတဲ့ ပညာရေးရဲ့ရည်ရွယ်ချက် နှစ်ချက်ရှိပါတယ်။ ပညာရေးရဲ့ပထမရည်ရွယ်ချက်က **"လူမျိုးတိုင်းဟာ မိမိရဲ့ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးတတ်၊ ချစ်တတ်ပြီး ကာကွယ်စောင့်ရှောက်တတ်ရန်"** လေ့ကျင့်ပေးဖို့ဖြစ်ပါတယ်။ နောက်ရည်ရွယ်ချက်ကတော့ **"နောက်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သောအမွေအနှစ်များကို လက်ဆင့်ကမ်းထားရစ်ခဲ့ရန်ဆိုတဲ့ စိတ်ထားပိုင်ဆိုင်သူတွေ မွေးထုတ်ပေးဖို့"** တို့ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်တွေ ကျောင်းတက်၊ ကျောင်းဆင်း၊ အစည်းအဝေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ အခမ်းအနားတိုင်း၊ ရုပ်ရှင်ပြတိုင်း ဝိုင်းဆိုခဲ့ကြတဲ့ နိုင်ငံတော်ရဲ့ အထွတ်အမြတ်သီချင်းစာသားလေးနဲ့ နိုင်ငံတော်အလံကိုအလေးပြုခြင်းဟာ ဘိုးဘွားအမွေစစ်ဖြစ်တဲ့ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင် နိုင်ငံရဲ့ အနှစ်သာရတွေကို လေးစားခြင်းဖြစ်လို့ ယနေ့ကမ္ဘာ့ပညာရေးရဲ့ အနှစ်သာရပါ။ မြန်မာတွေ နှစ်ပေါင်း (၇၅)နှစ် ခေတ်ရှေ့ပြေးခဲ့တဲ့ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပညာရေးအမြင်ပါ။

ကုလသမဂ္ဂရဲ့ မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ပညာရေးမှာ ဆောင်ရွက်ရမယ့် နယ်ပယ်သုံးခုပါဝင်ပါတယ်။ **ပထမ**တစ်ခုကတော့ 'လူမှုရေးနယ်ပယ်' (Social environment) ပါ။ အထက်မှာပြောခဲ့တဲ့ မိမိလူမျိုး၊ နိုင်ငံနဲ့ကမ္ဘာ့လူသားတွေရဲ့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့တဲ့ လွတ်လပ်မှု၊ အချုပ်အခြာအာဏာတည်မြဲမှု၊ စည်းလုံးမှု (ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားရေးစိတ်ဓာတ်များ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုပညာနဲ့ရိုးရာဓလေ့တွေ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းနဲ့ နောက်မျိုးဆက်သစ်တွေကို မိမိတို့ လူမျိုးတွေရဲ့ အမျိုးသားစံနှုန်းတွေကို ချစ်တတ်၊ မြတ်နိုးတတ်ပြီး လက်ဆင့်ကမ်းတတ်အောင် လေ့ကျင့်ပေးခြင်းပါ။

**ဒုတိယ** တစ်ခုကတော့ သဘာဝပတ်ဝန်းကျင် (Natural environment) ပါ။ ကျွန်တော်တို့ လူသားတွေ မှီခိုအသက်ရှင်နေတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝအရင်းအမြစ်တွေကို လိုသလောက်သာ သုံးစွဲပြီး ပြန်ဖြည့်နိုင်တဲ့အရာ (renewable resource) တွေကို ပြန်ဖြည့်ပေးရမယ်ဆိုတဲ့အသိနဲ့ ကျင့်ဝတ်ရှိပြီး ပြန်လည်ဖြည့်တင်းတတ်အောင် လေ့ကျင့်ပေး၊ သင်ပေးဖို့ပါ။ **တတိယ**နယ်ပယ်ကတော့ နိုင်ငံသားတိုင်းရင်းသားတွေရဲ့ 'စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု' economy ဟာ မြန်မာ့လူမှုပတ်ဝန်းကျင်ရဲ့ စံတွေဖြစ်တဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်နဲ့ ထိန်းသိမ်းခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးခိုင်မြဲရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေဂီတ၊ ရိုးရာဓလေ့ မြှင့်တင်ရေးကို ထိခိုက်မှုမရှိစေရန်နဲ့ သဘာဝပတ်ဝန်းကျင်ကိုမပွန်းပဲ့စေရဆိုတဲ့ 'အသိတရား' ဦးနှောက်ထဲ၊ ရင်ထဲမှာစွဲမြဲအောင် သင်ကြားလေ့ကျင့်ပေးဖို့ပါ။

**ဖြည့်ဆည်းပေးရမယ့်အချိန်**

အဲဒီလို လူမှုရေးနယ်ပယ် (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စစ်ရေး၊ နိုင်ငံရေး) သဘာဝပတ်ဝန်းကျင် အလေးထားထိန်းသိမ်းစောင့်ရှောက်ရေး၊ ချစ်မြတ်နိုးတွယ်တာရေးနဲ့ စီးပွားရေးကြောင့် လူမှုရေးဝန်းကျင်နဲ့ သဘာဝဝန်းကျင် (သက်ရှိ၊ သက်မဲ့သယံဇာတ) ထိခိုက်မှုမရှိအောင် အသုံးချနိုင်စွမ်းရှိတဲ့ ၂၁ ရာစုရဲ့ နိုင်ငံသားကောင်း၊ လူတော်လူချွန်တွေကို စဉ်ဆက်မပြတ်မွေးထုတ်နိုင်ဖို့ ပညာရေးက ဖြည့်ဆည်းပေးရမယ့်အချိန်ပါ။ ဒါကြောင့် ယနေ့ပညာရေးမှာ–

(က) လက်ရှိသင်ကြားနေတဲ့ သင်ရိုးတွေက ယခင်ကလို သက်ဆိုင်ရာဘာသာရပ် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ စတဲ့) သက်သက်တို့ကိုသာ သိ၊ တတ်အသုံးချရုံဆိုပြီး သီးခြားရေးဆွဲထားတဲ့သင်ရိုးတွေ မဖြစ်စေရတော့ဘဲ သင်ရိုးတိုင်းဟာ မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ နယ်ပယ်သုံးခုကို အထောက်အကူပြုတဲ့ သင်ရိုးများဖြစ်ရပြီး ယင်းသင်ရိုးတွေနဲ့သာ မဖြစ်မနေသင်ကြားလေ့ကျင့်ပေးဖို့လိုပါတယ်။

(ခ) ပညာရေးဟာ ယနေ့နဲ့ ယခင်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ အထူးသဖြင့် ကျွန်ဘဝရဲ့ ဆိုးရွားမှုဒဏ်နဲ့ လွတ်လပ်ခြင်းရဲ့ အနှစ်သာရတို့ကို သုံးသပ်နိုင်စွမ်းရှိပြီး လွတ်လပ်တဲ့နိုင်ငံနဲ့ လူ့အဖွဲ့အစည်းတို့ရဲ့ အနာဂတ်ရေရှည်ကောင်းကျိုးကို တွေးတတ် မြင်တတ် (Critical thinking) ကာ ပြဿနာကို စနစ်ကျနစွာဖြေရှင်းနိုင်စွမ်း (Problem Solving) ရှိတဲ့ မျိုးဆက်သစ် ပြည်သူ့သားကောင်းရတနာတွေဖြစ်အောင် လေ့ကျင့်ပေးရပါမယ်။

(ဂ) ကျောင်းသား ကျောင်းသူတွေ သင်ခန်းစာတွေကို လက်တွေ့လေ့လာရာမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်တဲ့အဆင့်မှာ ရပ်တည်နေရုံနဲ့ မပြီးသေးပါ။ ရှေ့ဆက်ပြီး လူမှုအသိုင်းအဝိုင်း တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို မိမိအသိတရားနဲ့ရှေ့ဆောင်လမ်းညွှန်တတ်သူ(Initiative person) ဖြစ်လာတဲ့အထိ လေ့ကျင့်ပေးရပါမယ်။ ခိုင်းမှလုပ်တတ်တဲ့သူတွေ များများကင်းဝေးခြင်းဟာ ဖွံ့ဖြိုးတိုးတက်ခြင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

(ဃ) ပညာရေးဟာ ဒေသဆိုင်ရာ **မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ နယ်ပယ်သုံးခုမှ** အချက်အလက်တွေနဲ့ ကမ္ဘာလုံးဆိုင်ရာအထက်ပါ နယ်ပယ်သုံးခုမှ အတွေ့အကြုံတွေကို အပြန်အလှန်သုံးသပ်တတ်၊ ပေါင်းစပ်တတ်ပြီး အသုံးချတတ်တဲ့ အလေ့အကျင့်ကောင်းရအောင် မျိုးဆက်သစ်တွေကို လေ့ကျင့်ပေးနိုင်ရပါမယ်။

(င) ပြဿနာတစ်ခုခုကို ချဉ်းကပ်ရာမှာလည်း အမြင်တစ်ခုတည်းနဲ့ ဖြေရှင်းနိုင်မှုကင်းပြီး ဘက်စုံထောင့်စုံကနေ ကြည့်တတ် မြင်တတ် သုံးသပ်တတ်ပြီး ဖြေရှင်းနိုင်စွမ်းရှိအောင် ပညာရေးက လေ့ကျင့်ပေးနိုင်ရပါမယ်။ ဥပမာအားဖြင့် "ဒီမိုကရေစီ"၊ "လူ့အခွင့်အရေး"၊ "တန်းတူညီမျှရေး" စတဲ့အချက်တွေကြောင့် တိုင်းပြည်ရဲ့လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အဓိကမဏ္ဍိုင်တွေနဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ "စံ" တွေကို မထိခိုက်စေရပါ၊ ပျက်စီးမှုမရှိစေရပါ။ ခေတ်အကြိုက် ရာသီစာလုပ်ငန်းတွေကြောင့် နိုင်ငံတည်ရှိနေသရွေ့ ရှင်သန်နေရမယ့် လူ့အဖွဲ့အစည်းရဲ့ မဏ္ဍိုင်တွေ မယိမ်းယိုင်စေသင့်ပါ။ အဆိုပါ အချက်တွေနဲ့ ပြည့်စုံပါမှ "မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်တဲ့ ပညာရေး" လို့ ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ခဲ့တာပါ။

> ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာလည်း 'မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်း' ဆိုတဲ့ ပညာရေးကိုဖော်ဆောင်ရမယ့်အချိန်ပါ။ ပညာရေးက ကမ္ဘာမှာ ပြောင်းလဲနေပြီဆိုတာကို ပညာရေးမှာတာဝန်ရှိသူများ အထူးသတိပြုပြောင်းလဲ ကျင့်သုံးရန် လိုအပ်နေပါပြီ။ ဒီလိုကျင့်သုံးရာမှာလည်း ဦးစားပေးအနေနဲ့ 'တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ' ဆိုတာကို ပြည့်ပြည့်ဝဝ ခံယူကျင့်သုံးနိုင်တဲ့ အနာဂတ်မျိုးဆက်တွေကို မြန်မာ့ပညာရေးက လေ့ကျင့်ပေးနိုင်ပါမှ ဘိုးဘွားတွေရဲ့ အသက်၊ သွေး၊ ချွေးတွေနဲ့စတေးပြီးရယူခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးဟာလည်း စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ တည်မြဲနိုင်ပါလိမ့်မယ်

ယနေ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာလည်း 'မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်း' ဆိုတဲ့ ပညာရေးကိုဖော်ဆောင်ရမယ့်အချိန်ပါ။ ပညာရေးက ကမ္ဘာမှာ ပြောင်းလဲနေပြီဆိုတာကို ပညာရေးမှာတာဝန်ရှိသူများ အထူးသတိပြုပြောင်းလဲကျင့်သုံးရန် လိုအပ်နေပါပြီ။ ဒီလိုကျင့်သုံးရာမှာလည်း ဦးစားပေးအနေနဲ့ **'တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ'** ဆိုတာကို ပြည့်ပြည့်ဝဝ ခံယူကျင့်သုံးနိုင်တဲ့ အနာဂတ်မျိုးဆက်တွေကို မြန်မာ့ပညာရေးက လေ့ကျင့်ပေးနိုင်ပါမှ ဘိုးဘွားတွေရဲ့ အသက်၊ သွေး၊ ချွေးတွေနဲ့စတေးပြီးရယူခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးဟာလည်း စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ တည်မြဲနိုင်ပါလိမ့်မယ်။

ဒါကြောင့် မြန်မာတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ လွတ်လပ်ရေးထာဝရတည်တံ့အောင် **"လွတ်လပ်ရေးရေရှည်ခိုင်မြဲမှု သန္ဓေအစ ပညာသင်ကျောင်းက"** ဟု အမြင်နဲ့ မြန်မာ့ပညာရေးက အနာဂတ်မျိုးဆက်သစ်တွေကို လေ့ကျင့်ပေးဖို့ လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဇွဲကပင်တောင်တက် / တောင်ဆင်းပြိုင်ပွဲကျင်းပ



ဘားအံ ဇန်နဝါရီ ၁

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေး နေ့အထိမ်းအမှတ် ဇွဲကပင်တောင်တက် /တောင်ဆင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီခန့်က ဇွဲကပင်တောင်အရှေ့ခြမ်း သစ်ချကျေးရွာ အဝင်လမ်း တံတားဖြူအနီးမှ စတင်တာလွှတ်သည်။

အဆိုပါပြိုင်ပွဲကို ကရင်ပြည်နယ်၏ အထင်ကရဖြစ်သည့် ဇွဲကပင်တောင်၏ ပြုပြင်ဖန်တီးထားခြင်းမရှိသော သဘာဝအလှအပများကို သိရှိခံစားနိုင်စေရန်၊ ခြေလျင်တောင်တက် အားကစားကို လူအများစိတ်ပါဝင်စားလာစေရန်နှင့် တောင်တက်အားကစားနည်းကိုလေ့လာလိုက်စားဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားများ ပိုမိုကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို အသက်(၄၀)နှစ်အထက်အမျိုးသား အမျိုးသမီးပြိုင်ပွဲ၊ အသက်(၄၀) နှစ်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားလေးမျိုးခွဲ၍ ယှဉ်ပြိုင်စေခဲ့ရာ အသက်(၄၀)နှစ်အောက် အမျိုးသား ၄၄၃ ဦး၊ အမျိုးသမီး ၅၀၈ ဦး၊ အသက်(၄၀)နှစ်အထက် အမျိုးသား ၁၁၃ ဦး၊ အမျိုးသမီး ၇၉ ဦး စုစုပေါင်း အားကစားသမား ၁၁၄၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဇွဲကပင်တောင်အရှေ့ခြမ်း သစ်ချကျေးရွာ တံတားဖြူအနီးတွင် သေနတ်ပစ်ဖောက်တာ လွှတ်ပေးခဲ့ရာ ပြိုင်ပွဲဝင်တောင်တက်အားကစားသမားများက အမြင့်ပေ ၂၇၃၄ ပေရှိ မတ်စောက်မြင့်မားသောတောင်ကို ကျော်၍ ဇွဲကပင်အနောက်ခြမ်း တော်ပုံကျေးရွာ လုမ္ဗိနီဥယျာဉ်ရှေ့ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဘောလုံးကွင်း၌ပန်းဝင်ကြရာ အသက်(၄၀)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် စံချိန် ၁ နာရီ ၅ မိနစ်၊ အမျိုးသမီးပြိုင်ပွဲတွင် စံချိန် ၁ နာရီ ၂၃ မိနစ်၊ အမျိုးသား(၄၀)နှစ်အထက် အမျိုးသား ပြိုင်ပွဲတွင် ၁ နာရီ ၁၅ မိနစ်၊ အမျိုးသမီးပြိုင်ပွဲတွင် ၁ နာရီ ၃၈ မိနစ်တို့၌ အသီးသီးပန်းဝင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဇွဲကပင်တောင်တက် /တောင်ဆင်းပြိုင်ပွဲတွင် အသက်အကြီးဆုံးဖြင့် ပါဝင်ယှဉ်ပြိုင်သော အသက် ၇၈ နှစ်မှ ၆၀ နှစ်ထိ အဘိုး ခုနစ်ဦးအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၏ဇနီး ဒေါ်နန်းမြင့်မြင့်အေးက အသက် ၇၀ မှ ၅၁ နှစ်ထိ အဘွား ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဇွဲကပင် တောင်တက်/တောင်ဆင်းပြိုင်ပွဲတွင် အသက်အပိုင်းအခြား၊ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆုမှ နှစ်သိမ့်ဆုထိ ဆုပေါင်း ၂၀ မှ ၃၅ ဆုထိ ချီးမြှင့်ပေးခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများက အသက်အပိုင်းအခြား ပြိုင်ပွဲအလိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ် သယံဇာတရေးရာဝန်ကြီး၏ ဇနီးက အသက်(၄၀)နှစ်အထက်အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုမှပဥ္စမဆုရရှိသူ များအား ငွေသားဆုနှင့်ဆုဖလားများကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အသက်(၄၀)နှစ်အထက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုမှပဥ္စမဆုရရှိသူများအားငွေသားဆုနှင့်ဆုဖလားများကို လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၏ ဇနီးက အသက်(၄၀)နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုမှပဥ္စမဆုရရှိသူများအား ငွေသားဆုနှင့်ဆုဖလားများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကာ ကရင်ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က အသက်(၄၀)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုမှ ပဥ္စမဆု ရရှိသူများအား ငွေသားဆုနှင့်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လက်ပံတန်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်



ပဲခူး ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Great Life International ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မင်းရပ် ရပ်ကွက် အနော်ရထာလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါလမ်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လမ်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိတို့က ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဗိုလ်မှူး ကျော်လင်းခိုင်၊ ဦးတင့်စိုးရှိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြပြီး၊ အဆိုပါ လမ်းမှာ အကျယ် ၁၂ပေ၊ လမ်းအရှည် ၁၅၀၉ ပေ၊ ဒု ရှစ်လက်မ ရှိကြောင်း သိရသည်။

**အောင်ဆင့်**

# ဗဟန်းမြို့နယ်သတင်းစာဆရာအသင်း(၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းက ကြီးကြပ်၍ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းက ဦးစီးကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲမှ ဆုရသူများ၏ စာရင်းကို ကျင်းပရေးကော်မတီမှ ယနေ့ ထုတ်ပြန်ကြေညာသည်။

ပထမဆုကိုဟင်္သာတမြို့မှ သစ္စာဝါဒီ ဦးမြင့်အောင်၏ "မြန်မာ့လွတ်လပ်ရေးကမ္ဘာဆုံးတိုင်အရှည်ခံ့တည်ပါစေသော်"ကလည်းကောင်း၊ ဒုတိယဆုကိုကျောက်တန်းမြို့နယ်မှ သန်းဝင်းထွန်း(ဆွာ)၏ "တို့တတွေ၏ လွတ်လပ်ရေး" ကလည်းကောင်း၊ တတိယဆုကို ကြည့်မြင်တိုင်မြို့နယ်မှရွှေတိုင်လွင်၏ "လွတ်လပ်ရေးကိုအစဉ်စောင့်ထိန်းဖို့ရာ မြန်မာတစ်မျိုးသားလုံး၏ဝန်တာ"က လည်းကောင်း၊ နှစ်သိမ့်ဆုများကိုဟင်္သာတမြို့မှရင်ငြိမ်းအေး (မေတ္တာမြေ)၏ " (၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆို"၊ အင်းစိန်မြို့နယ်မှ ရွှေဘုတ်(အင်းစိန်)၏ "လွတ်လပ်ရေးကို ထိန်းသိမ်းရန်တို့မှာတာဝန်ရှိသည်"၊ မှော်ဘီမြို့နယ်မှ ဝင်းဇော်(သုံးဆယ်)၏ "လွတ်လပ်ရေးကို ထိပါးလာသူ မှန်သမျှဖယ်ရှားတိုက်ထုတ်ကာကွယ်ကြ"တို့က ရရှိခဲ့ကြသည်။

ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် (ရွှေတိဂုံမြောက်ဘက်မုခ်၊ သွေးဆေးကန်အနောက်ဘက်)ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရား၌ ကျင်းပသွားမည်ဖြစ်သည်။

ဆုရသူများသည်ကိုယ်ရေးအချက်အလက်အပြည့်အစုံ(သတင်းနှင့်စာပေနယ်၌ပါဝင်ခဲ့မှုအပါအဝင်)နှင့်မကြာမီကရိုက်ထားသည့် အပြာခံ နှစ်လက်မ၊ တစ်လက်မခွဲဓာတ်ပုံတစ်ပုံကိုကျင်းပရေးကော်မတီဝင်ဦးတင်အောင်စိုး ဖုန်း၀၉၅၁၉၄၈၆၄၊ဦးဇော်မိုးညွန့်ဖုန်း၀၉၄၂၀၂၁၅၃၁၄၊ဦးကျင်ထွန်းအောင်ဖုန်း၀၉၂၅၃၄၂၂၂၄၄ တို့သို့ ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီအရောက် ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ညီနောင်သားရင်းသွေးချင်းများသို့

သွေးချင်းတို့ရေ

တို့တစ်တွေ-

သူတစ်လူငါတစ်မင်း သူတစ်သင်းငါတစ်အုပ်နဲ့
သူလုပ်သမျှ ငါအကောင်းမမြင် ငါလုပ်ပြန်လျှင် သူအပြစ်ပြော
သဘောထားတွေမတူမျှ ဝိဝါဒတွေရှိနေကြသရွေ့
ရှေ့ဆက်ရမဲ့ ငြိမ်းချမ်းရေးခရီး အဝေးကြီးဝေးနေကြပေဦးမယ်။
မာနကိုခဝါချ အတ္တကိုဘေးဖယ်
ရန်အသွယ်သွယ်ကိုလွှန်ပယ်ရှင်း အချင်းချင်းညီညွတ်ကြပါမှ
ဒို့အားလုံးလည်းသွေးစည်း
နိုင်ငံတော်ကြီးလည်း တည်ငြိမ်အေးချမ်းပေမယ်ပေါ့။
နွားကွဲရင် ကျားဆွဲတယ်ဆိုတဲ့ဥပမာလို
ထင်းစည်းလို ဒို့တစ်တွေစည်းလုံးနေသမျှ
ဘယ်ရန်သူက ခံနိုင်မှာလဲသူငယ်ချင်း---
စည်းလုံးမှုကိုဦးတည် ချစ်ကြည်မှုကိုရှေးရှု
ပြည်သူ့အပေါ်စေတနာထား နှလုံးသားဖြူစင်
အကောင်းမြင်သမားတွေဖြစ်ကြဖို့ ငါတို့ကြိုးစားကြရမယ်။
ထမင်းမတွေ့ ဟင်းမတွေ့ဘဝမှာ
မယားတစ်ကွဲ သားတစ်ကွဲနဲ့
တောထဲက စစ်ရှောင်တွေရဲ့ဘဝက
ဆင်းရဲပင်ပန်းလှပါတယ်သူငယ်ချင်း။

ဒီတော့သူငယ်ချင်းရယ်-

မျိုးဆက်သစ်တို့ရဲ့အနာဂတ်ဘဝ
စိုပြေသာယာလှပကြစေဖို့
အတိတ်ကဖြစ်ခဲ့တာတွေ သင်ပုန်းချေ ခဝါချလို့
ငြိမ်းချမ်းလှပတဲ့ နိုင်ငံတော်သစ်ကြီးဆီ
စိန်ရတုနဲ့အမီ လက်ချင်းဆက်လို့
ဒို့တစ်တွေ ချီတက်ကြပါစို့။ ။


(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

**အောင်ဆွေ(ရွှေတံတား)**


ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# နှစ်သစ်ကူးကာလအတွင်း မန္တလေးမြို့ပေါ်၌ ယုတ်မာရက်စက်သော အကြံဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်မည့် တရားခံများအားဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




## ■ ကျောဖုံးမှ

ဖမ်းဆီးရမိတရားခံ ကျော်မင်းခန့်၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်း၌ အမရပူရမြို့နယ် မှန်တန်းရပ်ကွက် အာရှဘဏ်လမ်းနှင့် သံလမ်းဆုံအနီးတွင် **ယမင်းကို**အား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၂၃x၆၂ လမ်းဆုံအနီးတွင် ဝက်လက် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များဖြစ်သော **အောင်ထက်ကျော်(ခ)တိုက်ဂါးနှင့် ရဲသူစံ** တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော်(ခ)တိုက်ဂါး၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်း၌ လက်လုပ်မိုင်းများထည့်ထားသော သင်္ကန်းခြင်း တစ်ခြင်းအား စစ်ကိုင်းတိုင်းဒေသကြီးဘက်မှ တစ်ဆင့် ချမ်းအေးသာစံမြို့နယ် ၂၉ x ၉၀ လမ်းထောင့်ရှိ မလွန်ကျောင်းတိုက်သို့ ပို့ဆောင်ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျောင်းတိုက်သို့ သွားရောက်ရှာဖွေခဲ့ရာ ကျောင်းထိုင်ဆရာတော် **ဦးအိန္ဒြာစက္က(ခ) အေးကို**အား သင်္ကန်းခြင်းအတွင်း၌ ထည့်ထားသော PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော်(ခ)တိုက်ဂါး နှင့် ကျော်မင်းခန့်တို့၏ ထွက်ဆိုချက်များအရ ပြည်ကြီးတံခွန်မြို့နယ် ဇီးအုပ်ရပ်ကွက်၌ Mandalay Young Force (MYF) အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များဖြစ်သည့် **ထက်အောင်လင်း၊ လင်းလင်း(ခ)ဖက်တီး၊ မိုးမြင့်သူ၊ နေသူရိန်(ခ)အောင်ပြည့်ဖြိုး၊ လှိုင်မျိုးဝင်း၊ ရန်ပိုင်ထွန်း(ခ)စော်ဘွား၊ အံ့ဖုန်းခန့် နှင့် အာကာဖြိုး(ခ)စောကာကာ** တို့ကို တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး နှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ဖမ်းဆီးစဉ် တရားခံ **လှိုင်မျိုးဝင်းနှင့် အာကာဖြိုး(ခ) စောကာကာ** တို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်ထားသည့် လက်နက်ကို လုယူထွက်ပြေးရန် ကြိုးပမ်းသဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ **လှိုင်မျိုးဝင်း**အား ဘယ်ပေါင်ကျည်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)ဖြင့် လည်းကောင်း၊ **အာကာဖြိုး (ခ)စောကာကာ** အား ဝဲရင်ဘတ် ကျည်ရှပ်မှန် ဒဏ်ရာ(မစိုးရိမ်ရ)ဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော်(ခ)တိုက်ဂါး နှင့် ကျော်မင်းခန့်တို့၏ ထွက်ဆိုချက်များအရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်ရှိ APP ဖုန်းပြုပြင်ရေးဆိုင်၌ **သာထက်ခန့်** အား လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်၌ **မျိုးသူအောင်** ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၄ ဦး၊ မ နှစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို PVC ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ရီမုတ်မိုင်း ၁၁ လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံး၊ တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ဇီးအုပ်ရပ်ကွက်၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Mandalay Young Force (MYF) နှင့် ဝက်လက် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် စည်ပင်သာ ရပ်ကွက် ၂၂ x ၈၇ လမ်းကြားရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ၈၀ x ၉ လမ်းထောင့်ရှိ အမှတ်(၄)ရဲစခန်းတို့ကို လည်းကောင်း၊ အမရပူရမြို့နယ်ရှိ ကပ်ကျော်ဘုရားနှင့် တောင်သမန်အင်းတို့ကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်နှင့် ကျုံးပတ်လည်ရှိ လူစည်ကားရာ နေရာများကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ Ocean Center နှင့် နှစ်သစ်ကူးကာလ ပျော်ပွဲရွှင်ပွဲ ပြုလုပ်မည့် ချမ်းအေးသာစံမြို့နယ် မန္တလာသီရိ ဘောလုံးကွင်းတို့ကို လည်းကောင်း ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်နေမှုကို အကြမ်းဖက်မှုကိုမလိုလားသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နင်းရှာဖွေစစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ **စာမျက်နှာ ၁၁ သို့ »»»**





၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် လမ်း ၉၀ ထောင့်ရှိ မလွန်ကျောင်းတိုက်၌ တရားခံ ဥူးအိန္ဒြာစက္က(ခ)အေးကိုထံမှ သက်နှင်းခြင်းအတွင်း ပုံဖျက်သိုဝှက်ထားသည့် လက်လုပ်မိုင်းများ၏ မှတ်တမ်းဓာတ်ပုံ။

»»» **စာမျက်နှာ ၁၀ မှ**
အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကာလ၌ အောက်ဆီဂျင်အိုးများအတွင်း လက်နက်၊ခဲယမ်းများ သိုဝှက်သယ်ဆောင်ခဲ့သည်။ ယခုဖြစ်စဉ်၌လည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ တန်ဖိုးထားသည့် သင်္ကန်းခြင်းအတွင်း ဖောက်ခွဲရေးပစ္စည်းများ သိုဝှက်၍ ယုတ်မာရက်စက်သောစိတ်ဓာတ်ဖြင့် အဖျက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတိပြုဖွယ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၁၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၁,၃၅၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၆၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၈,၃၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၁-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၄၉,၅၈၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၈,၃၇၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၃၁-၁၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၄၉,၅၈၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၈,၃၇၉ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၇) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



## ပုသိမ်ကွန်ပျူတာတက္ကသိုလ်၌ လူငယ်နှင့်စာပေစကားဝိုင်းကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုသိမ်ကွန်ပျူတာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့် စာပေစကားဝိုင်းကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာထွန်းမင်းနိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းရှိန်က လူငယ်နှင့် စာပေစကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့် စာပေစကားဝိုင်းကျင်းပရာ ကွန်ပျူတာတက္ကသိုလ်မှ မောင်ဝေဖြိုးအောင်က လူငယ်နှင့် ၂၁ ရာစုစိန်ခေါ်မှုများ၊ မသင်းနုဇင်က လူငယ်နှင့်စာပေ၊ မောင်ဝေဖြိုးမာန်က မြန်မာစာပေသမိုင်း၊ မချိုပြုံးက လူငယ်နှင့် ရသစာပေ၊ မောင်ဇော်ဇင်ထွန်းက လူမှုပတ်ဝန်းကျင်တွင် ကျား၊ မ တန်းတူအခွင့်အရေးရရှိရေး၊ မမေချစ်ဆုဝေက ရသစာပေ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်း၊ လူငယ်နှင့် စာပေစကားဝိုင်းသို့ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဖွင့်ပွဲအခမ်းအနားကျင်းပ

**အုတ်ဖို ဇန်နဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် ပါတီဖြတ်လမ်း ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဖြိုးဝေအောင်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားရာ အဆိုပါလမ်းမှာ အရှည်ပေ ၃၁၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မဖြင့် ခင်းကျင်းထားခြင်းဖြစ်ကြောင်း ပြောကြားပြီး ရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လမ်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ပြီး လမ်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးမင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်ကျော်မိုး၊ မြို့နယ်လဝက ဦးစီးမှူး ဦးဇော်ဝင်းလတ်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လမ်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဌမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ ၂၀၂၃ ခုနှစ် နှစ်ဦးအလှူ ဆဌမအကြိမ်မြောက် ဆရာကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အလှူငွေလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဝန်ထမ်းဟောင်းများအသင်းမှ အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြသော ဆရာသမားများ၊ ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ အသင်းအမှုဆောင်များနှင့် အသင်းသူ အသင်းသားများအတွက် ရည်စူးလှူဒါန်းမှုကုသိုလ်အဖြစ် ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြကာ လှူဒါန်းမှုအစုစုကို အမျှအတမ်းပေးဝေခဲ့ကြသည်။



ဆက်လက်၍ ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် အလှူရှင်များက ဆရာသမားများနှင့် အသက် ၈၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ကြသည်။ ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ၊ ညွှန်ကြားရေးမှူး (စီမံ၊ ငြိမ်း)ဦးလှကြင်နှင့် ယခင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှ အထွေထွေစီမံခန့်ခွဲရေးမှူး(ငြိမ်း) ဦးမြင့်ထွန်းတို့က မုဒိတာစကားပြောကြားပြီး ကန်တော့ခံပုဂ္ဂိုလ်များက ကန်တော့ခံရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားကြသည်။ **ဗလစိုး**

# ဖိလစ်ပိုင်နိုင်ငံ မနီလာနိုင်ငံတကာလေဆိပ်၌ နည်းပညာချို့ယွင်းမှုကို ပြန်လည်ပြင်ဆင်ပြီးနောက် လေကြောင်းခရီးစဉ်များ အကန့်အသတ်ဖြင့် ပြန်လည်ပြေးဆွဲလျက်ရှိ

**မနီလာ ဇန်နဝါရီ ၁**

ဖိလစ်ပိုင်နိုင်ငံ မနီလာနိုင်ငံတကာလေဆိပ်၌ ယနေ့ မွန်းလွဲပိုင်းမှစပြီး လေကြောင်းခရီးစဉ်များအား အကန့်အသတ်ဖြင့် ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေဆိပ်၌ နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် လေကြောင်းခရီးစဉ် ပေါင်း ၂၈၀ ကျော်ကို လမ်းကြောင်းပြောင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုဖြစ်စေခြင်းတို့ဖြစ်စေခဲ့သည်။

နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းချက် တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီးနောက် လေကြောင်းလိုင်းအချို့ကို ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း မနီလာနိုင်ငံတကာလေဆိပ် အာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၂၈၂ ခုထက်မနည်း နှောင့်နှေးခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် အခြားဒေသဆိုင်ရာလေဆိပ်များသို့ လမ်းကြောင်းပြောင်းခြင်းတို့ကြောင့် မနီလာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် ၅၆၀၀၀ ခန့် သောင်တင်ခဲ့ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဖျက်သိမ်းထားသည့် လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းလေဆိပ်၏ လေကြောင်းသွားလာမှု စီမံခန့်ခွဲရေးစနစ်ကို တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီးနောက် အဆိုပါလေဆိပ်သို့ဆိုက်ရောက်လေကြောင်းလိုင်းများအား စတင်လက်ခံနေပြီဟု ဖိလစ်ပိုင်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်





# တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှု ၂၀၂၂ ခုနှစ်အတွင်း စံချိန်တင်

**ဆိုးလ် ဇန်နဝါရီ ၁**

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဈေးနှုန်း မြင့်တက်မှုအပါအဝင် ပို့ကုန်ထက်သွင်းကုန်ကသာ လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် ကုန်သွယ်ရေးလိုငွေပြမှု စံချိန်တင်ခဲ့ကြောင်း အစိုးရ၏ ဇန်နဝါရီ ၁ ရက်တွင် ဖော်ပြသည့်အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၂ ဘီလီယံရှိခဲ့ပြီး ၁၉၉၆ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံရှိခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ အဓိကစွမ်းအင်အရင်း အမြစ်သုံးမျိုးဖြစ်သည့် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတင်သွင်းမှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၈ သန်းရှိခဲ့ခြင်းကြောင့် စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ဒီဇင်ဘာလအတွင်းကမူ တောင်ကိုရီးယားနိုင်ငံ၏ အဓိကစွမ်းအင်အရင်းအမြစ်သုံးမျိုးဖြစ်သည့် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတင်သွင်းမှုတန်ဖိုးသည်အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၅ ဘီလီယံ ရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၇ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၏ ရေနံဓာတုပစ္စည်း၊ မိုဘိုင်းဖုန်းစက်ပစ္စည်း၊ ကွန်ပျူတာနှင့် အိမ်သုံးပစ္စည်းများ တင်ပို့မှုသည်လည်း သိသိသာသာ လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တရုတ်နိုင်ငံက ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း 5G မိုဘိုင်းဖုန်း ၁၉ ဒသမ ၅၂ သန်းနီးပါး တင်ပို့နိုင်ခဲ့

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း 5G မိုဘိုင်းဖုန်းအလုံးရေ ၁၉ ဒသမ ၅၂ သန်းနီးပါး တင်ပို့နိုင်ခဲ့ကြောင်းနှင့် အဆိုပါအရေအတွက်သည် တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းတင်ပို့မှု စုစုပေါင်း၏ ၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အကယ်ဒမီ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကာလအတွင်း တရုတ်နိုင်ငံသည် 5G မိုဘိုင်းဖုန်းအမျိုးအစားမော်ဒယ်အသစ် ၂၀ အထိ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလကထက် ၂၅ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အကယ်ဒမီလက်အောက် ရှိ CAICT သုတေသနအင်စတီကျုက ပြောကြားသည်။

တရုတ်နိုင်ငံသည် အသစ်ထွက်ရှိသော ပြည်တွင်းကုန်အမှတ်တံဆိပ်ပါ မိုဘိုင်းဖုန်းမော်ဒယ် အသစ်ကို တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမ ၁၀ လ အတွင်း 5G မိုဘိုင်းဖုန်းအလုံးရေ စုစုပေါင်း ၁၇၃ သန်းအထိ တင်ပို့နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၇ ရာခိုင်နှုန်းအထိ တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံး



**မနီလာ ဇန်နဝါရီ ၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၅၃၉၇ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၄၆၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၆၄၇၇၉ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၃၀၆၁ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၈၂ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

**စံချိန်တင်**

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၄ ဒသမ ၄၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၂၁ ဒသမ ၁ သန်းသည် ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။ အလားတူ ပြည်သူ ၃ ဒသမ ၇ သန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိသော ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း၏ တာဝါတိုင်(၁)တိုင် ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် နှစ်သစ်ကိုကြိုဆိုသည့်အခမ်းအနားများ ကျင်းပချိန်အတွင်း လျှပ်စစ်ဓာတ်အားမပြတ်တောက်ရေး ကြိုးပမ်းဆောင်ရွက်နေချိန် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)သို့ လျှပ်စစ်ဓာတ်အား (၂၅၀) မဂ္ဂါဝပ်ခန့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်း၏ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့အနီးရှိ တာဝါတိုင်(၁)တိုင်ကို NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ (၁-၁-၂၀၂၃) ရက်နေ့ (၀၁:၀၀) နာရီ၌ ဖောက်ခွဲဖျက်ဆီးခဲ့၍ တာဝါတိုင်တိမ်းစောင်းသွားခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် (၁-၁-၂၀၂၃) ရက်နေ့ (၁၃:၀၀) နာရီမှစတင်ကာ တာဝါတိုင်လဲကျ၍ ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေး အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ပုံမှန်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ပုံမှန်ပို့လွှတ်နေသည့် ဓာတ်ငွေ့ပမာဏထက် လျှော့ချပို့လွှတ်နေစဉ် (၃၁-၁၂-၂၀၂၂) ရက်နေ့ (၁၁:၀၀) နာရီခန့်တွင် ရတနာကမ်းလွန်ပလက်ဖောင်းပေါ်ရှိ ဓာတ်ငွေ့ဖိအား ထိန်းချုပ်စနစ်ချို့ယွင်းကာ မူလဓာတ်ငွေ့ပို့လွှတ်မှု ပမာဏထက်လျော့ကျခဲ့၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံများမှ စုစုပေါင်းထုတ်လုပ်မှု (၅၃၀) မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့သဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်ခြင်း၊ ဓာတ်အားစနစ်ကွန်ရက် တည်ငြိမ်မှုရှိစေရန်အတွက် အခြားသော ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများမှ ဝန်အားမျှ၍ ပို့လွှတ်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်း တာဝါတိုင်အား အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိသလို ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့အမြန်ဆုံးပြန်လည်ရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း မလွှဲမရှောင်သာ ဓာတ်အားထိန်းညှိဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရမှုအပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**





၁-၁-၂၀၂၃ ရက်တွင် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့အနီးရှိ ဖောက်ခွဲဖျက်ဆီးခံရသည့် တာဝါတိုင်တိမ်းစောင်းနေမှုအခြေအနေ။

















၁-၁-၂၀၂၃ ရက်တွင် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်းဓာတ်အားလိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့အနီးရှိ ဖျက်ဆီးခံရသည့် တာဝါတိုင်အား တာဝါတိုင်ပြိုလဲမှုမဖြစ်စေရန် အရေးပေါ်ပြုပြင်နေပုံ။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၂)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၁၂)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က စစ်သီချင်း၊ မြန်မာသံစဉ်သီချင်းများဖြင့် စွမ်းရည်ပြသတီးခတ်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် တိုင်းစစ်ဌာနချုပ် အောင်ဖေယျခန်းမ၌ ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွင်း သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးဆုနှင့် စိုက်ပျိုးရေး/မွေးမြူရေးဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဗလာမပါ ကံစမ်းမဲများ ဖောက်ပေးခဲ့ကြသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပျော်ပွဲရွှင်ပွဲများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## ဝါးတောကြီးကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရေတာရှည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးတောကြီးကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဝါးတောကြီးကျေးရွာ၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ယင်းကုန်ထုတ်လမ်းကို နံနက် ၈ နာရီခွဲ တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်ဝေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ထွန်းတောက်လဝန်းကုမ္ပဏီမှ အင်ဂျင်နီယာ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှည် ၇၇၈၁ ပေ၊ အကျယ် ၁၂ ပေ ရှိသော ဝါးတောကြီးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၉၃ ဒသမ ၀၁၉ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

## လွိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ ကျေးလက်ရေပေးရေး ဖွင့်ပွဲကျင်းပ

**လွိုင်လင် ဇန်နဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်အရှေ့ကျေးရွာအုပ်စု ခဲလောင်းကျေးရွာ၌ ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က ခဲလောင်းကျေးရွာတွင်ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း အရှည်(၂/၆)မိုင်၊ အိမ်သွယ်ပိုက်လိုင်းအရှည်(၁/၆)မိုင်နှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကျေးရွာ ရေပေးဝေရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

၂၂

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပ

**စဉ့်ကူး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ ပြိုင်ပွဲအမျိုးအစားများအလိုက် မြို့နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။



အဆိုပါပြိုင်ပွဲများသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ အခြေခံပညာအလယ်တန်းအဆင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ မီတာ(၁၀၀)အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ စသည့် အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆုရရှိကြသည့် အသင်းများအား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**တင်ဇာလွင်(ပြန်/ ဆက်)**

## မြဝတီမြို့၌ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မြဝတီ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား (Cargo)ဘက်ခြမ်းတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုလက်အောက်ရှိ မြဝတီမြို့နယ် ကုန်တင်ကုန်ချ ကော်မတီရုံး(ကာယ-ဥဘ)ဝန်ထမ်းများ၏ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုသည်။ ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက် အားပေးပြီး ကျောင်းသား ကျောင်းသူများက သုံးရောင်ခြယ် အက၊ တိုင်းရင်းသားယဉ်ကျေးမှုအက၊ ပန်းဖွား ဘင်ခရာအကများဖြင့် ကပြဖျော်ဖြေသည်။

**ဂုဏ်ပြုချီးမြှင့်**

ဆက်လက်ပြီး မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီခရိုင်ဦးစီးမှူး ဦးရဲဇင်လတ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်ထက်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က ပါဝင်တင်ဆက်ပေးသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပေးသည်။

ထို့နောက် မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

■

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## အလုံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

အလုံ ဇန်နဝါရီ ၁

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလုံမြို့နယ် တာဝန်ခံပညာရေးမှူး ဦးကျော်ကျော်ထိန်က ကျေးဇူးတင်စကားပြောကြားပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ အလုံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်တင်တင်ချိုနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲသို့ အလုံမြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **မောင်မောင်ကျော်**

## ရေတာရှည်မြို့ အောင်မြန်မာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့ အောင်မြန်မာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါလမ်းအား နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သန့်ဇင်ဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြွရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။



ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းအရှည် ၉၅၂ ပေ၊ အကျယ် ၁၀ ပေရှိသော အောင်မြန်မာလမ်း ကွန်ကရစ်လမ်းသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၅ ဒသမ ၈၀ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုင်းတုံမြို့နယ် ဝမ်နားခမ်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၁

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယန်းလောကျေးရွာအုပ်စု ဝမ်နားခမ်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။



ရှေးဦးစွာ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ဝမ်နားခမ်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းသည် အရှည်ပေ ၄၂၀၊ အကျယ် ၁၀ပေ၊ ဒု ဖလက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄၉ သိန်းကိုအသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကျေးရွာတွင်းကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း အပ်နှံခဲ့ကြောင်း သိရသည်။

၂၂၂



## ကဝမြို့နယ် ပေါက်ကွဲကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ကဝ ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဝမြို့နယ် ပေါက်ကွဲကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ကဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ပိုပိုသိန်းတို့က ပေါက်ကွဲကျေးရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲကျေးရွာကွန်ကရစ်လမ်း အရှည် ၄၂၅ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ဖလက်မခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သုတ**

# ယခုနှစ်ထွက်ရှိလာသည့် ရာသီပေါ်သီးနှံဆီးသီးများ အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိ

မန္တလေး ဇန်နဝါရီ ၁

ယခုနှစ်ရာသီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အတွင်းမှ စတင်ထွက်ရှိလာသည့် ရာသီပေါ်သီးနှံဆီးသီး(ထိုင်ဝမ်သီး) များ အထွက်နှုန်းကောင်းမွန်သည့်အပြင် အရောင်းအဝယ်များသွက်၍ ဈေးကောင်းရရှိကြောင်း အဆိုပါမြို့နယ်မှ ဆီးသီးစိုက်ပျိုးသူ တောင်သူများက ပြောသည်။

လက်ရှိအချိန်၌ ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဆီးသီးအလုံးကြီးရှယ် တစ်ဖာလျှင် ငွေကျပ် ၁၅၀၀၀၊ ဒုတိယတန်းစား ဆီးသီးအသေးတစ်ဖာလျှင် ငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀၊ ဆီးသီးအသေး



ဆာလာအိတ် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှင့် ဖာတစ်ဖာလျှင် ငွေကျပ် ၈၀၀၀ ဈေးဖြင့် ရောင်းချရကြောင်း၊ ရောင်းချရာတွင် ဝယ်လက် ပွဲစားများ အပြိုင်လုဝယ်နေကြသည့်အတွက် အရောင်းအဝယ်များ သွက်လက်ကာ ဈေးကောင်းရရှိကြောင်း သိရသည်။

"ဒီနှစ်ကတော့ ဆီးသီးပေါ်ဦးပေါ်ဖျားအချိန်မှာ ဈေးကောင်းရရှိနေပါတယ်။ အလုံးအကြီး၊ အလတ်၊ အသေးခွဲပြီး ရောင်းချနေရပါတယ်။ လာမယ့် ဇန်နဝါရီလလယ်ပိုင်းနဲ့ ဖေဖော်ဝါရီလဆိုရင် လှိုင်လှိုင် ထွက်ပေါ်လာတော့မှာပါ။ ဒီနှစ်ကတော့ ဈေးကွက်ခိုင်မာမှာပါ။ ဒီဒေသ မှာထိုင်ဝမ်ဆီးသီးတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ ဆီးသီးကို စားသုံးသူတွေအပြင်၊ အချဉ်ပေါင်းလုပ်ငန်းတွေ၊ ယိုစုံလုပ်ငန်းတွေက အများဆုံးဝယ်ယူကြပါတယ်။ ပြည်ပကိုတော့ လက်ရှိအချိန်မှာ သယ်ယူပို့ဆောင်ခစရိတ်တွေ မြင့်တက်နေတာကြောင့် မပို့နိုင်သေးပါဘူး။ ဒီနှစ်က အထွက်နှုန်းကောင်းပြီး စထွက်ထွက်ချင်းမှာ ဝယ်လိုအား ကောင်းတဲ့အပြင် ဈေးနှုန်းလည်းကောင်းပါတယ်။ ဆီးသီးက တစ်နှစ် ပတ်လုံးမှ တစ်ခါပဲခူးရပါတယ်။ ဒီနှစ်မှာ ဆီးသီးရောင်းချရတာ အဆင်ပြေလို့ ဝမ်းသာနေကြပါတယ်" ဟု ဆည်တော်လေးကျေးရွာမှ ဆီးသီး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဦးမြင့်ဆွေက ပြောသည်။

ယခုနှစ်ထွက်ရှိလာသည့် ထိုင်ဝမ်ဆီးသီးများကိုပြည်တွင်းဈေးကွက်သို့ သုံးရက်လျှင်တစ်ခါ ဖာ ၂၅ ဖာနှင့် ဆာလာအိတ် ၁၀၀ ခူးပြီး တင်ပို့ ရောင်းချနေရကြောင်း၊ တင်ပို့ရောင်းချရာတွင် ရန်ကုန်၊ လားရှိုးနှင့် မန္တလေးမြို့များသို့ ရောင်းချရပြီး ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်း ဒေသများသို့ အဓိကအများဆုံးတင်ပို့ရောင်းချရကြောင်း၊ လက်ရှိ ပေါက်ဈေးမှာ ဆီးသီးအမျိုးအစားပေါ်မူတည်၍ တစ်ဖာလျှင် ငွေကျပ် ၈၀၀၀ မှ ငွေကျပ် ၁၅၀၀၀ ထိရရှိကြောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း ဆီးသီးစိုက်ဧကပေါင်း ၁၀၀ ကျော်ရှိပြီး ဆီးသီးတစ်ဧကလျှင် ငွေကျပ် သိန်း ၈၀ နှင့် သိန်း ၁၀၀ ကြား ရရှိကြောင်း သိရသည်။

မောင်အေးချမ်း




# လပွတ္တာခရိုင်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်နှင့် ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် စနေနေ့(ပဉ္စမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကျင်းပခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ ခရိုင်တွင် ကျင်းပသည်။

ဒီဇင်ဘာလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပရာတွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံရှေ့မှမြရာကုန်းဂေါက်ကွင်းအထိ စုပေါင်း လမ်းလျှောက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်ပွဲသို့ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ဒုတိယခရိုင်မှူးဦးမျိုးတင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ခိုင်ခိုင်အေးနှင့် ဝန်ထမ်းများ ဦးဆောင်၍ ကိုယ်ကာယ အတွဲအမှတ်(၁)နှင့် Fitness Dance များဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရှေ့တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲကိုကျင်းပခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်

ညောင်တုန်း ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော လင်းလွန်းပင်-ပေစိကျွန်း ကျေးရွာချင်းဆက် ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၂၉၀၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိပြီး Proactive Japan Co.,ltd. မှတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမြင့်ဌေးနှင့် လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က လမ်း အရည်အသွေးကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးရေး ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)



# ကန်ကြီးထောင့်မြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုပေးအပ်ပွဲ ကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၁

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာတွင် ယမန်နေ့ နံနက် ၁၀ နာရီက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုများ (ယူရီးယား ဓာတ်မြေဩဇာ)ကို တောင်သူ များအား ပေးအပ်ပွဲကျင်းပခဲ့ သည်။



အခမ်းအနားတွင် ကန်ကြီး ထောင့်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့် အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်းက စိုက်ပျိုးရေးသွင်းအားစု ထောက်ပံ့ ပေးအပ်မှုအခြေအနေကို ရှင်းလင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ကန်ကြီး ထောင့်မြို့နယ် ညောင်ချောင်း ကျေးရွာမှ ဒေသခံတောင်သူ ၄၅ ဦး၏ လယ်ဧက ၁၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သွင်းအားစုပံ့ပိုးပစ္စည်းများ ပေးအပ်

လပွတ္တာ ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော သွင်းအားစုပံ့ပိုးပစ္စည်းများ (ပိုးသတ်ဆေး၊ မှိုသတ် ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာ) ပေးအပ်ပွဲအခမ်း အနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော် မျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုပံ့ပိုးပစ္စည်းများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နှမ်းစပါးနှင့် ပဲတီစိမ်းစိုက် တောင်သူ ကိုယ်စားလှယ်များထံသို့ နှမ်းစပါး စိုက်ပျိုးရန်ဧက ၁၀၀ နှင့် ပဲတီစိမ်း ဧက ၁၀၀ အတွက် ယူရီးယားမြေဩဇာ အိတ် ၂၀၀ နှင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာ ဘူး ၁၀၀ ကို ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုး ညွန့်၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# ရေကြည်မြို့နယ် ငါးတဲစုကျေးရွာ၌ မိုးစပါးပေါ်ဆန်းဘေးကျား စံကွက်ရိတ်သိမ်းပွဲကျင်းပ

ရေကြည် ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးတဲစုကျေးရွာ၌ မိုးစပါးပေါ်ဆန်းဘေးကျားစိုက်တောင်သူ ဦးကြည်ခိုင်စိုး စိုက်ပျိုးသည့် မိုးစပါးပေါ်ဆန်းဘေးကျားရိတ်သိမ်းပွဲကို ယနေ့ နံနက် ၁၁ နာရီက အဆိုပါ စံပြစိုက်ကွင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စမ်းသပ်စိုက်ပျိုးထားသည့် ပေါ်ဆန်းဘေးကျား စပါးအမျိုးအမည် ခုနစ်မျိုးထဲမှထွက်ရှိသည့် ပေါ်ဆန်းဘေးကျားစပါး များကို တောင်သူများက ရွေးချယ်၍ အထွက်နှုန်းပေါ်မူတည်ပြီး ထွက်ရှိ သည့် အရည်အသွေးကို ဒေသမြေဆီနှင့်ကိုက်ညီသည့် ဧရာဝတီပေါ်ဆန်း ဘေးကျားကို ရွေးချယ်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါပေါ်ဆန်းဘေးကျားစံပြကွက်ကို ရိတ်ခြွေစက် သုံးစီးဖြင့် ရိတ်သိမ်းနေမှုကို ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ သွားရောက်ကာ စိုက်ပျိုးရေး သုတေသန ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး သဘာဝမြေဩဇာ ပိုးသတ်ဆေး၊ မှိုသတ်ဆေး အသုံးပြု၍ စမ်းသပ်စိုက်ပျိုးထားသော ပေါ်ဆန်းဘေးကျားစပါး အမျိုးအမည် ခုနစ်မျိုးထဲမှ ရွှေဘိုပေါ်ဆန်းစပါး တစ်ဧက စံပြကွက် ရိတ်သိမ်းရာ ဘိုင်အိုစူပရင်းနည်းဖြင့် စပါးအဆို ၁၀၂ တင်း၊ ရိုးရိုး မြေဩဇာနည်းဖြင့် စပါးအစို ၁၀၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄၉ ဒီဂရီဖာရင်ဟိုက်မှ ၅၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## ပခုက္ကူ၌ အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်ရေး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးသင်တန်းဖွင့်

**ပခုက္ကူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူမြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်ရေး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးသင်တန်းကို



ဒီဇင်ဘာ ၃၀ ရက်က ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဲရော(၁)ခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းက မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သင်တန်းသို့ တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မှန်ကန်တိကျသောစာရင်းရရှိရေး မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်း လမ်းညွှန်ချက်များကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နွေစပါးစိုက်တောင်သူများအား သွင်းအားစု ပေးအပ်ပွဲကျင်းပ

**အိမ်မဲ ဇန်နဝါရီ ၁**

ဧရာဝတီ တိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါးစိုက် တောင်သူများအား သွင်းအားစု (ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ)ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါးစိုက် တောင်သူများအား သွင်းအားစုပေးအပ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဝိုင်းကြီးချုပ်ဖြင့် စာချုပ် ချုပ်ဆိုပြီးသောကျေးရွာ ခြောက်ရွာဖြစ်သည့် ကြာထော်ညောင်ချောင်းကျေးရွာ၊ ညောင်ကုန်းချောင်းဖျားကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာ၊ ကျုံခရီကျေးရွာ၊ ကွန်တိုင်းကျေးရွာနှင့် စာဖြူဆိပ်ကျေးရွာမှ တောင်သူများအား စိုက်ပျိုးမြေ တစ်ဧကလျှင် ယူရီးယားဓာတ်မြေဩဇာ နှစ်အိတ်နှုန်း ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ဓနုဖြူ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုငြိမ်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကျောင်းသူ မယမင်းက လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းသူ မဆောင်းနံ့သာစံက လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောင်းသူ မမြတ်သန္တာအောင်က လူငယ်နှင့် ကြီးပွားရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောင်းသား မောင်ပြည့်စုံဖြိုးက လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောင်းသား မောင်သူရိန်ဦးက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တက်ရောက်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များရွေးချယ်ရေး ခရိုင်အဆင့် ကျောင်းသား ကျောင်းသူများအား စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ရွေးချယ်ရေးအတွက် ရန်ကုန်မြောက်ပိုင်း ခရိုင်အဆင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား လူရည်ချွန် ရွေးချယ်ရေး၊ ကိုယ်ကာယကြံ့ခိုင်ရေးနှင့် ယုံကြည်မှုစစ်ဆေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားသည့်နေရာများနှင့် အင်းစိန်မြို့နယ် မီးရထားဘောလုံးအားကစားကွင်းတို့၌ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပညာထူးချွန်ပြီး အကျင့်စာရိတ္တကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန် ရည်ရွယ်၍ ဒီဇင်ဘာ ၂၈ ရက်က မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဒီဇင်ဘာ ၂၉ ရက်က အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ဒီဇင်ဘာ ၃၁ ရက်က ကိုယ်ကာယကြံ့ခိုင်ရေးနှင့် ယုံကြည်မှုစစ်ဆေးခြင်းလုပ်ငန်းများကို ကျောင်းသား ၂၄ ဦးနှင့် ကျောင်းသူ ၄၈ ဦးတို့ကို ဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူး ဒေါက်တာသင်းမာလာနှင့် မြောက်ပိုင်းခရိုင်သစ်များမှ ခရိုင်မှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ မိဘကိုယ်စားလှယ်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား လူရည်ချွန်ရွေးချယ်ရေး၊ ကိုယ်ကာယကြံ့ခိုင်ရေးနှင့် ယုံကြည်မှုစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

ပုံပြင်

# မောင်ခွေးနှင့် မအေး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

နောက်တစ်နေ့နံနက်သို့ ရောက်သော် မောင်ခွေးမှာ အိပ်ရာထဲ၌မရှိဘဲ လှောင်အိမ်တစ်ခု အတွင်းသို့ရောက်နေသည်ကို တွေ့ရလေ၏။ ထိုအခါမှ အမယ်အိုသည် စုန်းမကြီးဖြစ်၍ မောင်ခွေး အား အိပ်ပျော်နေစဉ် လှောင်အိမ်ထဲသို့ ရွှေ့ထား ကြောင်း ရိပ်မိလေတော့၏။ လှောင်အိမ်ကလေးမှာ ကျဉ်းလွန်းလှသည်။ ခြေနှစ်လှမ်း၊ သုံးလှမ်းမျှသာ လျှောက်နိုင်သည်။ အမယ်အိုသည် မအေးကို ကြမ်းတမ်းစွာနှိုးသည်။ ထို့နောက် မအေးအား ရေခပ်ခိုင်းသည်။ မီးဖိုချောင်သို့ဝင်၍ ထမင်းဟင်း ချက်ခိုင်းသည်။ ထို့ပြင် လှောင်အိမ်ထဲသို့ရောက်နေ သောမောင်ခွေးကို ကောင်းမွန်သောအစာများ ဂရုတစိုက်ကျွေးရန်လည်း စေခိုင်းသည်။ အဘယ် ကြောင့်ဆိုသော် မောင်ခွေး ကောင်းစွာဝဖြိုးလာသော အခါ၌ သူသည် မောင်ခွေးကို ချက်စားရန် ကြံစည် ထားသောကြောင့်ဖြစ်သည်။

မအေးသည် စုန်းမကြီးအား ကြောက်ရွံ့လှ သဖြင့် ခိုင်းသမျှပြုလုပ်ရလေ၏။ သူသည် နေ့စဉ်ပင် သူ့အစ်ကိုအား ကောင်းမွန်သောအစာများကို ကျွေးရ ၏။ သို့ရာတွင် သူ့အတွက်မူကား ကဏန်းခွံများသာ စားရရှာ၏။ စုန်းမအိုကြီးသည် အလွန်မျက်စိမှုန်သူ ဖြစ်သည်။ သူသည် မောင်ခွေး ဝလာသည်၊ မဝလာ သည်ကို မျက်စိဖြင့် မမြင်နိုင်ချေ။ ထို့ကြောင့် နံနက်တိုင်း လှောင်အိမ်နားသို့သွားကာ မောင်ခွေး အား လက်ညှိုးကို ထုတ်စေ၍ စမ်းကြည့်လေ့ရှိ၏။ ထိုအခါ မောင်ခွေးသည် အမြဲတမ်းပင် ကြက်ရိုး တစ်ချောင်းကို ထုတ်ပြတတ်လေသည်။ စုန်းမကြီး သည် ကြာသော် စိတ်ပျက်လာသဖြင့် မောင်ခွေးအား ဝသည်အထိ မစောင့်တော့ချေ။ ထိုနေ့မှာပင် သူသည် မောင်ခွေးကို ချက်စားမည်ပြု၏။ တစ်ဖန် ချက်စား ရန်လည်း အစစအရာရာ မအေးအား ပြင်ဆင်စေ သည်။

မအေးအဖို့ သူ့အစ်ကိုအား ချက်ပြုတ်ရန် မီးဖိုခြင်း၊ အိုးများပြင်ဆင်ခြင်းပြုရသည်မှာ များစွာ စိတ်မချမ်းမြေ့ဖွယ်ကောင်းလှပေသည်။ စုန်းမကြီး သည် ပေါင်မုန့်များစွာ ဖုတ်ရန်အတွက် ပေါင်းဖိုကြီး ကိုလည်း မီးများအသင့်ထိုးစေသည်။ ပေါင်းဖိုကြီးမှာ လူတစ်ရပ်ခန့်မြင့်ကာ အတော်ပင်ကျယ်ဝန်းလေ သည်။ မအေးသည် မောင်နှမနှစ်ယောက်လုံး တောထဲ၌ သားရဲတို့၏စားသောက်ခြင်းခံရသည်က ပင် ကောင်းလေစွဟု တောင့်တမိတော့၏။ သူ့စိတ် တွင်းကမူ...

"နတ်ကောင်းနတ်မြတ်များဘုရား၊ အပြစ်မရှိ သော ကလေးငယ်များကို ကယ်မတော်မူကြပါ" ဟု ဆုတောင်းတိုင်တည်ခြင်းပြုရှာလေသည်။

မကြာမီပင် စုန်းမကြီးသည် မအေးအနီးသို့ ရောက်လာ၏။ သူက မအေးအား

"ငါ့မျက်စိများမှာ အလွန်မှုန်သည်။ ပေါင်မုန့်များ ကျက်၊ မကျက်မသိရ။ ထို့ကြောင့် ပေါင်မုန့်ဖိုတံခါးကို ဖွင့်၍ကြည့်ပါ။ အို... နေဦး၊ သင်သည် မြင်နိုင်မည် မဟုတ်။ ဤခုံနိမ့်လှေကားလေးတွင် ထိုင်ပါ။ ငါသည် သင့်အား ပေါင်းဖိုတွင်းသို့ တွန်း၍ ပို့ပေးမည်" ဟု ဆိုလေသည်။ မအေးသည် စဉ်းစားနေပြီးနောက်...

"ကျွန်မ ဘာတစ်ခုမှနားမလည်ပါ၊ ကျေးဇူးပြု၍ ပြပေးပါ"ဟုဆို၏။

ထိုအခါ အမယ်အိုက

"အို.. အလွန်လွယ်ပါတယ်"ဟူ၍ဆိုကာ ခုံနိမ့် လှေကားပေါ်သို့ တက်ထိုင်လိုက်၏။

ထို့နောက် စုန်းမကြီးက......

"မိန်းကလေး၊ ငါထိုင်သည့်အတိုင်း ဤနေရာ၌ ထိုင်ပါလေ၊ ငါက သင့်အား အသာအယာတွန်းပို့ပေး မည်" ဟုပြော၏။ ထိုအခိုက် မအေးသည် အမယ်အို ခုံ၌ ထိုင်နေစဉ်ပင် နောက်မှ တအားကုန်တွန်းလိုက် လေ၏။ အမယ်အိုလည်း ဖိုတွင်းသို့ရောက်သွား သည်။ ချက်ချင်းပင် မအေးက ပေါင်မုန့်ဖိုတံခါးကို ပိတ်လိုက်သည်။ စုန်းမအိုကြီးသည် ပူလောင်သော ပေါင်းအိုးတွင်းသို့ရောက်၍ တစ်ခဏမျှကြာလျှင် သေဆုံးသွားလေ၏။

မအေးသည် အမယ်အိုသေသည့်တိုင် စောင့်မနေ ချေ။ အမယ်အို ရန်တုံ့မပြုနိုင်မှန်းသိသည်နှင့် တစ်ပြိုင်နက် သော့များရှာဖွေကာ လှောင်အိမ်ကို အလျင်အမြန်ဖွင့်လေသည်။ မအေးက မောင်ခွေး အား...

"အစ်ကို... အစ်ကို၊ ကျွန်မတို့ လွတ်မြောက်ပြီ၊ လွတ်မြောက်ပြီ" ဟူ၍လည်း တံခါးဖွင့်ရင်း ဝမ်းသာ အားရအော်ပြောလေသည်။ မောင်ခွေးသည် ပွင့်လာ သောတံခါးမှ လျင်မြန်စွာထွက်လာသည်။ တစ်ခဏ အတွင်းမှာပင် မောင်နှမနှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက် အားရဝမ်းသာ ဆုပ်ကိုင်မိကြလေသည်။

သူတို့သည် တဲတစ်ခုလုံးအနှံ့ ရှာဖွေသည်။ ထိုအခါ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားများကို အများ အပြားတွေ့ရှိလေ၏။ သူတို့သည် ထိုပစ္စည်းများ အနက် သယ်ယူနိုင်သမျှကို သယ်ယူကာ ထွက်ပြေး ကြလေသည်။ မကြာမီ သူတို့သည် ကျယ်ဝန်းသော အိုင်ကြီးတစ်ခုသို့ ရောက်ရှိကြ၏။ ထိုအခါ သူတို့ သည် တစ်ဖက်ကမ်းသို့ကူးရန် မကြံတတ်ဘဲရှိနေ လေသည်။ ထိုခဏ၌ အိုင်ထဲတွင် ကူးခပ်နေသော အလွန်ကြီးမားသည့် ငန်းကြီးတစ်ကောင်ကို သူတို့ မြင်ကြလေသည်။ မအေးသည် ထိုငန်းကြီးကို လှမ်း၍အကူအညီတောင်းသည်။ ငန်းကြီးလည်း ခေါင်းညိတ်ကာ တစ်ယောက်စီ ကျောပေါ်တွင်တင်၍ တစ်ဖက်ကမ်းသို့ပို့ပေးသည်။ တစ်ဖက်ကမ်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူတို့အိမ်ဝသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း အံ့သြစွာတွေ့ရလေ ၏။ ဖခင်သည် သားနှင့်သမီးကိုမြင်သော် ဝမ်းမြောက် ဝမ်းသာကြိုဆို၏။ မိထွေးသည် ပထမသော် မနှစ်သက် ဟန်ရှိသော်လည်း ကလေးတို့၌ပါလာသော ရွှေငွေ ရတနာများကို မြင်ရသောအခါ အလွန်ရွှင်မြူးသွား လေ၏။ ငတ်မွတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရက်စက်သောစိတ်ထားများလည်း မငတ်တော့ပြီကို သိရသောအခါ ပြန်လည်နူးညံ့လာလေတော့သည်။ ထို့ကြောင့် သူသည် သား၊ သမီးများအား ကြင်နာစွာ ကြိုဆိုနှုတ်ဆက်လေတော့သတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





ကဗျာ

## အဟောင်း၏အသစ်

✻ တစ်ပွင့်ဒန်းနီ၊ ငါ့ဝတ်ရည်ကို
ကေသီဆံဖျား၊ ပန်ပါလားဟု
ချစ်အားနှင့်သာ၊ တောင်းပန်ပါလည်း
သက်လျာရွှေစင်၊ မပန်ချင်ဟု
တွင်တွင်ခေါင်းခါ၊ ငြင်းလိုက်ပါတည့်။

✻ အချိန်လင့်သော်
ပွင့်ဝတ်မြေခါ၊ ကုန်ကြွေကျတည့်
ချစ်လှသည့်ခင်၊ လှနတ်ရှင်ငယ်
ငါ့တွင်ဖြစ်ရှာ၊ ပန်းမွေ့ရာထက်
အသာစောင်းငဲ့၊ စက်လျောင်းလဲ့လော့။

✻ ပြုံးမဲ့ချဉ်ချို၊ လှောင်သလိုနှင့်
ခေါင်းကိုတင်းကာ၊ ငြင်းလိုက်ပါသော်
ငါ့မှာမောဟိုက်၊ ပင့်သက်ရှိုက်မိ။
ကာလလျားသော်
ကြွေသွားပွင့်မြတ်၊ လှခေါင်ထွတ်မှ
ပန်းဝတ်စုစီး၊ အသီးသီးခဲ့။

✻ ရှေးနည်းတစ်ဖန်၊ ကြွေကျပြန်က
ပန်းမွှန်မျိုးစေ့၊ မြေအောက်မွေ့၍
ချစ်ငွေ့မျိုးညှော်၊ ပင်သစ်ပေါက်၏။

✻ စိမ်းစိုမြန်စ်၊ ပင်ပျိုသစ်မှ
ဖွင့်လှစ်လွှာညက်၊ နီစက်စက်နှင့်
တစ်ခက်စွင့်စွင့်၊ အသစ်ပွင့်က
သခင့်မေပျို၊ လျှင်စလိုလျှင်
ခိုင်ကိုချိုးဖြတ်၊ ခူးယူဆွတ်၍
လှထွတ်ကေသာ၊ မွှေးပျံ့စွာထက်
ကြင်နာယယုု၊ ပန်ဆင်ပြုသော်
ညှံ့နုလဲဝါ၊ ငါ့သဲညှာဝယ်
ဘယ်ဟာကိုမှန်း၊ သိမစွမ်းဘဲ
ဆွတ်လွမ်း ဆွေးမြည့်မိတော့သည်။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ဗိုလ်ချုပ်အောင်ဆန်း

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကျွန်မခံလိုသူ ဦးမင်းရောင်၏မြေးဖြစ်ပြီး ရှေ့နေကြီး ဦးဖာနှင့် ဒေါ်စုတို့၏သားဖြစ်သည်။ ဗိုလ်ချုပ်ကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နတ်မောက်မြို့၌ မွေးဖွားခဲ့သည်။

၁၉၂၂ ခုနှစ် အသက် ခုနစ်နှစ်အရွယ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတထံတွင် ကျောင်းနေခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းနေခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် သတ္တမတန်းအောင်မြင်ပြီး ဦးရွှေရိုး စကောလားရှစ်ရရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ အဆင့် A မြန်မာစာနှင့် ပါဠိဘာသာဂုဏ်ထူးများဖြင့် အောင်မြင်ကာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

၁၉၃၅-၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအမှုဆောင်တွင် အရွေးခံရသည်။ အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်ဆောင်ရွက်စဉ် ယင်းမဂ္ဂဇင်း၌ အိုးဝေဦးညိုမြ ရေးသားသော “ခွေးသရမ်းကြီး လွတ်နေသည်” ‘Hell Hound At Large’ ဆောင်းပါးရေးသူကို ထုတ်ဖော်မပြ၍ ကိုနုနှင့် အတူ တက္ကသိုလ်မှထုတ်ပယ်ခံရသည်။ သို့သော် ကျောင်းသားများ သပိတ်မှောက်သဖြင့် လိုက်လျော ကာ ကိုအောင်ဆန်းနှင့် ဦးနုတို့အား ကျောင်းပြန် တက်စေသည်။ ၁၉၃၆ ခုနှစ်တွင် တကသ ဒုဥက္ကဋ္ဌ ရွေးချယ်ခံရသည်။ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်း အောင်မြင်သည်။ ၁၉၃၇-၃၈ ခုနှစ်တွင် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးဆောင်အခန်းအမှတ် ၁၁၃ တွင် နေထိုင်ကာ ၁၉၃၇ ခုနှစ် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်သဟာယနှင့်တစ်ဖက် အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန် အရေး တကြီးလုံခြုံရေး အက်ဥပဒေဖြင့် ၁၅ ရက် ဖမ်းဆီး ထောင်ချခံရသည်။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၃ ရက် နေ့တွင် ရန်ကုန်၊ ရေကျော်ရပ် တို့ဗမာအစည်းအရုံး တည်ရာဌာန သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ မစ္စတာဒတ္တားတို့သည် တို့ဗမာ အစည်းအရုံးတွင် ကွန်မြူနစ်အဖွဲ့လေးတစ်ရပ် စတင် ဖွဲ့စည်းသည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် ဒေါက်တာဘမော်အိမ်၌ကျင်းပသော အစည်းအဝေး၌ ထွက်ရပ်ဂိုဏ်း၏ အတွင်းရေးမှူးဖြစ်လာသည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင်မြေအောက်တော်လှန်ရေး ဗဟိုအဖွဲ့ကို စတင်တည်ထောင်ကာ သခင်အောင်ဆန်း အား ပြည်ပခေါင်းဆောင်အဖြစ် တင်မြှောက်ကြသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဟင်္သာတ ခရိုင် ရာဇဝတ် မစ္စတာဖေးဗီးယားက ဇွန်လ ၁ ရက်နေ့ တွင် ဇလွန်မြို့၌ ချင်းတောင်အကြောင်း ဟောပြောမှု ဖြင့် သခင်အောင်ဆန်းကိုဖမ်းရန် ငါးကျပ်တန် ဝရမ်း ကိုထုတ်ခဲ့သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် သခင် လှမြိုင်နှင့်အတူ ဟိုင်လီအမည်ရှိ သင်္ဘောဖြင့် ဗမာ ပြည်မှတရုတ်ပြည်သို့ လျှို့ဝှက်စွာထွက်ခွာလာခဲ့သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် တရုတ်ပြည် အမွိုင်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဗမာပြည်သို့ပြန်လာပြီး မတ်လ ၉ ရက်နေ့၌ ရဲဘော်သုံးကျိပ်ထဲမှ ပထမအသုတ် လူငယ်တစ်စုကို တစ်ပါတည်းခေါ်ယူပြီး ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာပြန်လည်ထွက်ခွာခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ပြန်လည် ဆိုက်ရောက်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မျိုးချစ် ပုဂ္ဂိုလ်ကြီး ဦးလွန်းဖေ၏နေအိမ်တွင် ဘီအိုင်အေဟု ခေါ်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင် ဖွဲ့စည်းပြီး လက်မောင်းသွေး ဖောက်သောက်ခဲ့ကြ သည်။ ဤသို့ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသည်။

၁၉၄၂ ခုနှစ် မတ်လတွင် ရန်ကုန်မြို့ကို ဂျပန် တပ်များ သိမ်းလိုက်ပြီး ဂျပန်စစ်အုပ်ချုပ်ရေး မြန်မာ ပြည်တွင် စတင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဘီအိုင်အေကို ဘီဒီအေဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးအဖြစ် ခန့်အပ် ခံရသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ထိမ်းမြားပြီး သားသမီး သုံးယောက်ထွန်းကားခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လ တွင် ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာ့တပ်မတော်စစ်ဦးစီး သေနာပတိရာထူးအပြင် စစ်ဝန်ကြီးအဖြစ် ဆောင်ရွက် သည်။ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး ဖဆပလကို ပဲခူးမြို့ ဗမာ့တပ်မတော်တိုင်း (၄) စခန်း၌ လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။ ဖဆပလစစ်ရေးခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၉၄၅ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ရန်သူကို တိုက်ခိုက်ရန် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခဲ့ပြီး မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်များ ကို စတင်တော်လှန်ခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့တွင် ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွှေတိဂုံ အလယ်ပစ္စယံ၌ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံတွင် ဖဆပလဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် သခင်မြ၊ ဦးတင်ထွတ်တို့နှင့်အတူ ဘိလပ်သို့သွားသည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်အား လက်မှတ်ရေးထိုးသည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်ပြန်ရောက်သည်။ ရွေးကောက်ပွဲ ကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့သည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိ သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် မြို့တော် ခန်းမမှနေ၍ လူထုသို့ မိန့်ခွန်းပြောကြားသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူလူတစ်စု၏လုပ်ကြံမှုကြောင့် ကျဆုံးခဲ့သည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၈-၁၂-၂၀၂၂ ရက်မှအဆက်

'မ' က သူခံစားရသည့်အတိုင်း တစ်ချက်ချင်း ရှိုက်၍ပြောလိုက်သောအခါ ဦးကျော်ဒင်ကိုယ်တိုင် သူ့စိတ်ကိုသူ မထိန်းနိုင်အောင်ရှိတော့သည်။

ဦးကျော်ဒင်သည် 'မ' ၏ခေါင်းကလေးကို အသာပွတ်၍ နှစ်သိမ့်လိုက်ရသည်။

"စိတ်ဆိုးတုန်းမို့ လုပ်ကြတာပါကွယ်။ စိတ်ပြေတော့လည်း ပြီးသွားမှာပါ။ ဒါကြောင့်ဖေဖေတောင်သူတို့ကိုအကျောက်အကန် မကန့်ကွက်ပါဘူး။ စဉ်းစားဖို့ အချိန်ဆွဲထားတယ်။ ပြီးတော့လည်း ဒီကိစ္စကို ဖေဖေသဘောမတူဘဲ မပြီးပါဘူးကွယ်။ ကဲ... ဖေဖေပေးတဲ့ငွေကိုတော့ သမီးလက်ခံနော်။ ဒီငွေကို ပြန်ယူသွားရင်ဖေဖေစိတ်ကောင်းတော့မှာ မဟုတ်ဘူး။ ဖေဖေစိတ်ချမ်းသာစေချင်ရင် ဖေဖေပြောတာကို နားထောင်ပါကွယ်။ ကဲ ... ဖေဖေလည်း ပြန်မှပဲ။ အကြောင်းရှိရင် မောင်အေးဆီကို စာရေးပြီးလွှတ်လိုက် ကြားလား ..."

'မ' သည်ဦးကျော်ဒင်ပေးသော ငွေစက္ကူအထပ်လိုက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ဦးကျော်ဒင်၏ အပေါ်အင်္ကျီအိတ်ထဲသို့ အသာပြန်၍ ထည့်လိုက်သည်။

"သမီးတို့ မလိုသေးပါဘူး ဖေဖေ။ မလိုတုန်း ဒီငွေပိုရရင် ပျောက်ပျက်သွားလိမ့်မယ်။ သမီးလိုတဲ့အခါ တခြားဘယ်မှ သွားစရာမရှိပါဘူး ဖေဖေ။ အဲဒီတော့ ဖေဖေကြီးဆီ တောင်းပါရစေ။ ဖေဖေကြီးရဲ့ ကျေးဇူးတရားတွေဟာ သံသရာမှာတောင် ဆပ်လို့မကုန်အောင် ကြီးမားလှပါတယ်။ သမီးကို ကျေနပ်ပါဖေဖေ။ ဆရာကိုဘခက်အကြောင်းလည်း ဖေဖေသိသားပဲ။ သူ့သဘောကို မသိရဘဲနဲ့ ဒီငွေကို လက်ခံရင် သမီးဘက်က တာဝန်ချွတ်ယွင်းဦးမယ်။ သမီးကိုခွင့်လွှတ်ပါနော်"

ဦးကျော်ဒင်သည် ဆို့နင့်သောမျက်လုံးများဖြင့် 'မ' ကို အတန်ကြာမျှ စိုက်ကြည့်နေသည်။

ပြီးမှ သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်း 'မ' ၏ ခေါင်းကို အသာသပ်၍ပေးလိုက်သည်။

"သာဓုပါကွယ် ... သာဓု၊ ဒီလိုဆိုဖေဖေကျေနပ်ပါတယ်။ ဒါပေမဲ့ သမီးတို့ အကျပ်အတည်းဖြစ်တဲ့အခါတော့ ဖေဖေ့ဆီကိုလွှတ်နော်။ တစ်ထောင်မျိုး၊ ငါးရာမျိုးဆိုတာတော့ ဖေဖေအလွယ်တကူပေးနိုင်ပါတယ်။ ကဲ ... ဖေဖေသွားမယ်"

ဦးကျော်ဒင်သည် 'မ' ကို နှုတ်ဆက်ပြီးလျှင် အခန်းတွင်းမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားသည်။

'မ' သည် ဦးကျော်ဒင်ကား ထွက်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ဖခင်၏ မေတ္တာနှင့် စေတနာကို တွေးရင်း 'မ' ရင်ထဲ၌ကား ဝမ်းသာဝမ်းနည်း ဖြစ်မိတော့သည်။ ကိုယ့်အပေါ်တွင် အရာရာ ယုယကြင်နာနေရှာသော ဖခင်နှင့် ကွဲကွာ၍နေရသောဘဝကို ဝမ်းနည်းမိသည်။

မိခင်နှင့် အစ်မများက သေခန်းဖြတ်သည့်အချိန်မျိုးတွင် သမီးတစ်ယောက်၏ အပြစ်ကိုပင် ခွင့်လွှတ်၍ စိုးရိမ်ပူပန်သောစိတ်ဖြင့် ကူညီစောင့်ရှောက်ရန်လာသော ဖခင်ကို တွေ့ရသဖြင့် ဝမ်းသာအားတက်မိသည်။

'မ' သည် လမ်းတစ်ဖက်ဆီသို့ ငေး၍ကြည့်ရင်း တဝေ့ဝေ့လည်နေသော အတွေးတွင် နစ်မျောနေမိသည်။

အတန်ကြာမှ ကိုယ်လုပ်ရမည့်အလုပ်များကို သတိရမိသည်။ သည်တော့မှလည်း အိမ်တွင်းသို့ပြန်ဝင်ခဲ့သည်။ ခုတော့လည်း အိမ်ရှင်မဖြစ်နေ၍ အိမ်ရှင်မတို့၏ တာဝန်ကို ကျေပွန်ရမည်ဟု 'မ' က အလိုလို နားလည်ပြီးဖြစ်သည်။

'မ' သည် ချုပ်လက်စလုံချည်ကို အစသတ်အောင် ချုပ်လိုက်သည်။ ပြီးမှ နေ့စဉ်လုပ်နေကျ အလုပ်များကို တစ်ခုပြီးတစ်ခု ဆက်၍လုပ်ရတော့သည်။

မနက်မိုးမလင်းမီ အိပ်ရာမှထ၍ ရေနွေးအိုးတည်ရသည်။ နောက် ဈေးသွားသည်။ အပြန် ကိုဘခက်နိုးနေလျှင် ကိုဘခက်အတွက် ကော်ဖီနှင့် လက်ဖက်ရည်ကြမ်းကို ပြင်ပေးရသည်။

ထမင်းကြမ်းကျန်လျှင် ထမင်းကြမ်းနှင့် ပဲပြုတ်ကို ကြော်၍ပေးရသည်။ အလုပ်စောစောသွားရသည့်အခါ ကိုဘခက်သည် ထမင်းကြမ်းကြော်နှင့်ပင် မနက်စာကို အပြီးစားသွားရသည်။ ထမင်းအချိန်မီ ကျက်လျှင်လည်း ထမင်းချိုင့်ထည့်၍ ပေးလိုက်ရသည်။

နေ့ခင်းအားလျှင် အိမ်ကိုရှင်းရသည်။ ကိုဘခက်၏ သီချင်းစာရွက်များကို သိမ်းရသည်။ စာရေးစားပွဲကို ရှင်းရသည်။ အဝတ်လျှော်ရသည်။

ရေချိုးပြီးလျှင် စာအုပ်ကိုလှန်၍ တစ်ရွက်နှစ်ရွက်မျှ ဖတ်လိုက်လျှင် ညနေစာ ထမင်းစားချိန် ရောက်လာတော့သည်။

ဤသို့ဖြင့် 'မ' ၏ တစ်နေ့လုပ်ငန်းသည် နားရသည်မရှိချေ။ လုပ်စတော့ အလွဲလွဲအချော်ချော် ဖြစ်တတ်သည်။ ထမင်းရည်ပူ လောင်တတ်သည်။

ထမင်းပျော့သည့်အခါ ထမနဲ၊ မာသည့်အခါကျောက်ခဲ။ တစ်နည်းနည်းနှင့်တော့ အဆင်မပြေ ဖြစ်တတ်သည်။ ကိုဘခက်ကမူ 'မ' ချက်ပေးသမျှ ထမင်းနှင့်ဟင်းကို မြိန်ရေရှက်ရေ စားတတ်သည်။ သို့စားရင်းမှ 'မ' ပင်ပန်းသည့်အတွက်ကို တဖွဖွ ညည်းတတ်သည်။ 'မ' ၏ အိမ်ရှင်မ ဗီသပုံကို ထပ်တလဲလဲ ချီးကျူးတတ်သည်။

ဤသည်ပင်လျှင် တစ်နေကုန် ပင်ပန်းရရှာသော 'မ' အတွက် ကြည်နူးနှစ်သိမ့်မှု တစ်ရပ်ပင် မဟုတ်လော။

ခုလည်း 'မ' သည် ရေချိုးဖြီးလိမ်းပြီးလျှင် ညစာကို ချက်ပြုတ်ရသည်။ ထမင်းအိုးကျပြန်တော့လည်း ဟင်းကို စဉ်းစားရပြန်သည်။ ဟင်းကို စဉ်းစားတိုင်း ကိုယ့်အကြိုက်ကို မစဉ်းစားနိုင်။ ကိုဘခက်ကြိုက်တတ်ရာရာကို ဈေးဝယ်စဉ်ပင် စဉ်းစား၍ ဝယ်ရသည်။

ချက်တော့လည်း ချစ်သူကြိုက်ဖြစ်အောင် ချက်ရပြန်သည်။ 'မ' သည် ထမင်းအိုးကျလျှင် မနက်ကကျန်သော ကြက်သားကို အာလူးဖြင့် ထပ်ရောချက်သည်။

ပြီးမှ ဟင်းချို၊ ပြီးမှ ငါးပိရည်တို့စရာ အားလုံးကျမှ 'မ' သည် အိမ်ရှေ့ခန်းတွင် စာအုပ်တစ်အုပ်နှင့် ထိုင်ရင်း ကိုဘခက်ကို လည်တဆန့်ဆန့်ဖြင့် မျှော်ရရှာသည်။

ရုံးအလုပ်မဟုတ်တော့လည်း အချိန်မမှန်။ တစ်ခါတစ်ရံ ညပါဆက်ရသည့်အခါများတွင် 'မ' သည် စာအုပ်တစ်အုပ်နှင့် ညဥ့်နက်သန်းခေါင်ထိအောင် ထိုင်၍ စောင့်နေမိတတ်သည်။

ကိုဘခက်က ထမင်းမစားဘဲ ညဥ့်နက်သန်းခေါင်ထိအောင် စောင့်နေသည်ကို ကရုဏာဒေါသဖြင့် အပြစ်ဆိုတတ်သည်။

သည်တော့လည်း 'မ' မှာ ချစ်လင်ကျေနပ်ရုံ အဆာပြေ စားထားရသည်။

အိပ်မပျော်သော်လည်း မှေးခနဲ အိပ်ပျော်သွားသည်ဟု လိမ်၍ပြောရသည်။ ဤသည်ပင်လျှင် အိမ်ထောင်ရေးသုခဟု 'မ' က ထင်မိသည်။

ကနေ့လည်း 'မ' သည် စာအုပ်တစ်အုပ်နှင့် ကိုဘခက်ကို ထိုင်၍စောင့်နေမိသည်။

ကိုဘခက်ပြန်လာတော့ ကိုးနာရီပင် ထိုးလုပြီ။ 'မ' သည် အပေါက်ဝမှဆီးကြို၍ ကိုဘခက်လက်ထဲမှ တယောသေတ္တာကို လှမ်းယူလိုက်သည်။

"ကနေ့ မောင်ပြန်လာတာ စောပါတယ်နော်"

"'မ' ရော ထမင်းစားပြီးပြီလား။ 'မ' ဖို့ ခေါက်ဆွဲဝယ်လာတယ်"

'မ' က ကိုဘခက်လက်ထဲမှ ခေါက်ဆွဲထုပ်ကို လှမ်းယူရင်း ပြုံးလိုက်သည်။

ကိုဘခက်သည် အလုပ်မှပြန်၍လာတိုင်း 'မ' အတွက် တစ်ခုခုဝယ်လာတတ်သည်ကို 'မ' က သိနှင့်ထားပြီးဖြစ်သည်။

'မ' သည် ခေါက်ဆွဲကို ပန်းကန်တစ်ခုတွင် ထည့်၍ အသင့်ပြင်ထားသော ထမင်းဝိုင်းတွင် ချပေးလိုက်သည်။ ပြီးမှ ကိုဘခက်အတွက် ထမင်းခူးပေးလိုက်သည်။

"အစောကြီးပြန်ရဖို့ပဲ 'မ' ရာ၊ သီချင်းလေး သုံးပုဒ်နဲ့ မိုးချုပ်တာပဲ။ တို့ဂီတသမားတွေကလည်း တချို့က အချိန်မလေးစားကြဘူး။ နာမည်ကြီးတဲ့သူတွေက သာဆိုးသေးတယ်။ လောဘကြီးပြီး တစ်နေ့တည်း နှစ်နေရာလောက် လက်ခံထားရော။ ပြီးတော့ အချိန်ကျရင် သူတို့က မပေါ်လာဘူး။ ကနေ့လည်း စန္ဒရားဆရာကို စောင့်ရတာ ညနေသုံးနာရီမှ သွင်းရတယ်။ ဝမ်းရေးအတွက်မို့သာ လုပ်ရတယ်၊ တစ်ခါတစ်ခါ တော်တော်စိတ်ပျက်စရာကောင်းတယ်"

"မောင်ကိုယ်တိုင် ဝင်ပြီး တီးလိုက်ပါလား မောင်ရဲ့"

"ဘယ်ရမလဲ 'မ' ရယ်၊ ရန်ကုန်ဆိုတာ နာမည်ရှိမှ အလုပ်လုပ်လို့ရတာ။ တတ်တိုင်း လုပ်လို့ရတာ မဟုတ်ဘူး"

'မ' သည် ကိုဘခက်စကားကိုနားထောင်ရင်း ကိုဘခက်ပန်းကန်ထဲသို့ ခေါက်ဆွဲများ ခပ်၍ ထည့်ပေးလိုက်သည်။

"မောင် စားမကောင်းဘူးလား။ မောင်စားတာ ကြည့်ရတာ 'မ' ဖြင့် အားမရပါဘူး"

ခြံထဲမှာ ကော်ဖီနဲ့မုန့်ကျွေးလို့ စားခဲ့ရသေးတာ။ အခုလို စောစောပြီးမယ်ဆိုရင် မစားခဲ့ပါဘူး"

"မသိဘူးလေ 'မ' ချက်တဲ့ဟင်းများ မကြိုက်လို့လားလို့"

ကိုဘခက်သည် 'မ' ကို ပြုံး၍ကြည့်လိုက်ရင်း 'မ' မေးဖျားကလေးကို လက်ဖျားဖြင့် မတင်လိုက်သည်။

"'မ' နဲ့အတူစားရတာ အမြဲတမ်း ဟင်းတစ်ခွက် အပိုရနေလို့ စားမကောင်းဘဲ ဘယ်ရှိမလဲ။ 'မ' မျက်နှာကလေးကို ကြည့်ပြီး စားရတာ ကမ္ဘာမှာ အကောင်းဆုံး ဟင်းလျာနဲ့ စားရတာထက် အရသာရှိပါတယ်ဗျာ"

'မ' သည် ရှက်ပြုံးကလေး ပြုံး၍ ခေါင်းကို ငုံ့လိုက်မိသည်။

"မောင်လည်း ရုပ်ရှင်ခြံထဲအလုပ်ဆင်းမှ အမူအရာရော ပြောတာဆိုတာပါ တိုးတက်နေပြီနော်။ ဒါပဲ ... တော်တော်ကြာ မင်းသမီးတွေနောက်ပါသွားရင် 'မ' တစ်ယောက် ဒုက္ခရောက်နေဦးမယ်"

"အမယ်လေး ... မင်းသမီးတွေက မောင်တို့လို တယောဆရာ အညံ့စားလောက်တော့ မမှန်းသေးဘူး။ အနည်းဆုံး စစ်ဗိုလ်လောက်မှ မှန်းတာ 'မ' ရာ"

စကားတပြောပြောနှင့်ပင် ထမင်းဝိုင်းသည် ပြီးမှန်းမသိ ပြီးသွားသည်။

'မ' က ဆေးစရာ ကြောစရာများကို ဆေးကြောနေရသည်။ ကိုဘခက်က အိမ်ရှေ့ခန်းတွင် ဆေးပေါ့လိပ်ဖြင့် မှိန်းနေသည်။

'မ' ထွက်လာသောအခါ ကိုဘခက်သည် သူ့အိတ်ထဲမှ ဆယ်တန်နှစ်ရွက်နှင့် ကျပ်တန်များကို 'မ' သို့ လှမ်း၍ပေးလိုက်သည်။

"သုံးဆယ်ရခဲ့တယ် 'မ'ရေ၊ ခေါက်ဆွဲက တစ်ကျပ်၊ မောင်သုံးတာက တစ်ကျပ်၊ အားလုံး နှစ်ဆယ့်ရှစ်ကျပ်။ တစ်ပတ်တစ်ခါ ဈေးဖိုးလောက်တော့ရမှာပေါ့"

"ဒီလိုပေါ့ မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် ငတ်တော့ မငတ်နိုင်ပါဘူး ..."

'မ' က ကိုဘခက် စိတ်မကောင်းဖြစ်မည်စိုး၍ အားပေးစကား ပြောလိုက်ရသော်လည်း မီးဖိုချောင်ကို အုပ်ချုပ်ရသူဖြစ်၍မို့ ဈေးဖိုးပြတ်မှာတော့ စိုးရိမ်မိသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"မောင် စားမကောင်းဘူးလား။ မောင်စားတာကြည့်ရတာ 'မ' ဖြင့် အားမရပါဘူး"**
**"ခြံထဲမှာ ကော်ဖီနဲ့မုန့်ကျွေးလို့ စားခဲ့ရသေးတာ။ အခုလို စောစောပြီးမယ်ဆိုရင် မစားခဲ့ပါဘူး"**
**"မသိဘူးလေ 'မ' ချက်တဲ့ဟင်းများ မကြိုက်လို့လားလို့"**
**ကိုဘခက်သည် 'မ' ကို ပြုံး၍ကြည့်လိုက်ရင်း**
**'မ' မေးဖျားကလေးကို လက်ဖျားဖြင့် မတင်လိုက်သည်။**
**"'မ' နဲ့အတူစားရတာ အမြဲတမ်း ဟင်းတစ်ခွက်အပိုရနေလို့**
**စားမကောင်းဘဲ ဘယ်ရှိမလဲ။ 'မ' မျက်နှာကလေးကိုကြည့်ပြီးစားရတာ**
**ကမ္ဘာမှာ အကောင်းဆုံးဟင်းလျာနဲ့ စားရတာထက် . . .**

# ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ အာဆင်နယ်



အာဆင်နယ်အသင်းဟာ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဒုတိယနေရာက မန်စီးတီးအသင်းကို ခုနစ်မှတ်ဖြတ်ကာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းဟာ အဲဗာတန်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့လို့ အာဆင်နယ်အသင်းက ခုနစ်မှတ်အထိ ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘရိုက်တန်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂ မိနစ်မှာ ဆာကာ၊ ၃၉ မိနစ်မှာ အိုဒီဂတ်၊ ၄၇ မိနစ်မှာ အင်န်ကီတီယာနဲ့ ၇၁ မိနစ်မှာ မာတီနယ်လီတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဘရိုက်တန်အသင်းအတွက် ချေပဂိုး နှစ်ဂိုးကိုတော့ ၆၅ မိနစ်မှာ မီတိုမာ၊ ၇၇ မိနစ်မှာ ဖာဂူဆန်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘူကာယိုဆာကာဟာ အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၆၆ စက္ကန့်မှာ သွင်းယူပေးခဲ့တာကြောင့် ၂၀၂၃ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ အာဆင်နယ်အသင်းရဲ့ အမြန်ဆုံးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၁၃ ခုနှစ်က အာဆင်နယ်အသင်းနဲ့ ကျူပီအာအသင်းတို့ပွဲစဉ်မှာ သီယိုဝဲလ်ကော့က စက္ကန့် ၂၀ မှာသွင်းယူပြီး အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ဖူးတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ၁၆ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၄၃ မှတ် စုဆောင်းနိုင်ခဲ့ပြီး မန်စီးတီးအသင်းက ရမှတ် ၃၆ မှတ်သာ စုဆောင်းထားနိုင်သေးတာဖြစ်ပါတယ်။ ဘရိုက်တန်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ၁၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၂၄ မှတ်နဲ့ အဆင့်ရှစ်နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

## မိုနာကိုအသင်း နောက်တန်းကစားသမား ဘာဒီယာရှီးလ်ကို ပေါင် ၃၃ သန်းနဲ့ ခေါ်ယူရန် ချယ်လ်ဆီးအသင်း သဘောတူညီမှုရရှိ



ချယ်လ်ဆီးအသင်းဟာ မိုနာကိုအသင်း နောက်တန်းကစားသမား ဘာဒီယာရှီးလ်ကို ပြောင်းရွှေ့ကြေးပေါင် ၃၃ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အသက် ၂၁ နှစ်အရွယ်ရှိ ဘာဒီယာရှီးလ်ကို ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီမှုရရှိထားတာဖြစ်ပြီး မကြာမီကာလအတွင်း ကျန်းမာရေးဆေးစစ်မှုပြုလုပ်မှာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ နွေရာသီဈေးကွက်အတွင်းကတည်းက ဘယ်နောက်ခံ ကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပြီး လိုက်ပ်ဇစ်အသင်းမှ ခရိုအေးရှားကြယ်ပွင့် ဂျီဗာဒီယိုးလ် ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် သဘောတူညီမှုမရရှိခဲ့ဖူးလို့ သိရပါတယ်။

## ဘာရာဇီးစီးရီးအေကို ပြောင်းရွှေ့ခဲ့ပြီဖြစ်တဲ့ ဥရုဂွေးတိုက်စစ်မှူး ဆွာရတ်ဇ်



ဥရုဂွေးတိုက်စစ်မှူး ဆွာရတ်ဇ်ဟာ ဘာရာဇီးစီးရီးအေကလပ် ဂရီမီယိုအသင်းဆီကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပြီး ဂရီမီယိုအသင်းမှာ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။


အသက် ၃၅ နှစ်အရွယ်ရှိ လီဗာပူးအသင်း၊ ဘာစီလိုနာအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဆွာရတ်ဇ်ဟာ ဇူလိုင်လအတွင်းက ကစားသမားဘဝ ပထမ ကလပ်အသင်းဖြစ်တဲ့ နာစီယိုနယ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဂရီမီယိုအသင်းဟာ ၂၀၂၃ ခုနှစ်ရဲ့ ပထမဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၇ ရက်မှာ ဆော်လူးဝစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဂရီမီယိုအသင်းဟာ နိုဝင်ဘာလအတွင်းက ကုန်ဆုံးခဲ့တဲ့ ၂၀၂၂ ခုနှစ် ဘောလုံးရာသီရဲ့ ဘာရာဇီးစီးရီးဘီကနေ ဘာရာဇီးစီးရီးအေကို တန်းတက်လာခဲ့တဲ့အသင်း ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒေါ့မွန်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေးပေါင် ၈၈ ဒသမ ၆ သန်းအထိ သုံးစွဲသွားဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။
- ပေါ်တူဂီတိုက်စစ်မှူး ဂျာအိုဖိလစ်ဟာ မန်ယူအသင်းရဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံထားရတာကြောင့် ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုဟာ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးပါက နာပိုလီအသင်းသို့ ပြန်လည်သွားရောက်ကစားရန် ဆန္ဒရှိနေပြီး လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းနဲ့ နယူးကာဆယ်အသင်းတို့က အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။
- စပါးအသင်းဟာ စပို့တင်းလစ္စဘွန်းအသင်း နောက်တန်းကစားသမား ပက်ဒရိုပေါ်ရိုကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တာကြောင့် ဘာရာဇီးညာနောက်ခံ ကစားသမား အီမာဆင်ရွိုင်ရယ်ကို ရောင်းချဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။
- မိုချန်ဂလာဘတ်ချ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး မားကတ်တူရမ်ဟာ နယူးကာဆယ်အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ထက် မန်ယူအသင်းဆီကို ပြောင်းရွှေ့ကစားဖို့ စိတ်အားထက်သန်လျက်ရှိတယ်လို့ သိရပါတယ်။

## တိုင်ဆန်ဖူရီနဲ့ အိုလက်ဆန်းဒါးယူဆစ်တို့ မတ်လအတွင်း ယှဉ်ပြိုင်ထိုးသတ်ဖွယ်ရှိ



အင်္ဂလန်လက်ဝှေ့ကျော် တိုင်ဆန်ဖူရီနဲ့ ယူကရိန်းပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား အိုလက်ဆန်းဒါးယူဆစ်တို့ဟာ လာမယ့်မတ်လအတွင်းမှာ ယှဉ်ပြိုင်ထိုးသတ်သွားဖွယ်ရှိတယ်လို့ အင်္ဂလန်လက်ဝှေ့မန်နေဂျာ ဖရန့်ဝါရန်က ပြောကြားခဲ့ပါတယ်။

အိုလက်ဆန်းဒါးယူဆစ်ဟာ ဒဗလျူဘီအေ၊ ဒဗလျူဘီအိုနဲ့ အိုင်ဘီအက်ဖ်ခါးပတ်တွေကို ရရှိပိုင်ဆိုင်ထားသလို အသက် ၃၄ နှစ်အရွယ်ရှိ တိုင်ဆန်ဖူရီဟာလည်း ဒဗလျူဘီစီလက်ဝှေ့ချန်ပီယံခါးပတ်ကို ရယူပိုင်ဆိုင်ထားတာဖြစ်ပါတယ်။

တိုင်ဆန်ဖူရီနဲ့ အိုလက်ဆန်းဒါးယူဆစ်တို့ဟာ မတ်လအတွင်း ယှဉ်ပြိုင်ထိုးသတ်ဖို့ သေချာခဲ့မယ်ဆိုရင် ဆော်ဒီအာရေဗျ၊ ကာတာနဲ့ လန်ဒန်တို့ထဲက တစ်နေရာမှာ ယှဉ်ပြိုင်ထိုးသတ်သွားဖို့ ရှိတယ်လို့လည်း သိရပါတယ်။

ငွေကြယ် - ရေးသားသည်

○ **AFF Cup ပြိုင်ပွဲမှ**

မလေးရှားအသင်းတို့ အခွင့်အရေးရှိနေသည်။ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များအနက် ဇန်နဝါရီ ၂ ရက်တွင် အုပ်စု (က) နောက်ဆုံးနေ့အဖြစ် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံရှိသာမာဆတ်ကွင်း၌ ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဖိလစ်ပိုင်နိုင်ငံရှိ ရီဇယ်မန်မိုရီရယ်လ်ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (က) နောက်ဆုံးနေ့မတိုင်မီ ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်စီ၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား ခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာမူ လေးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။ ယင်းအုပ်စုတွင် ဖိလစ်ပိုင်နှင့် ဘရူနိုင်းအသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်ပြီး ထိုင်းနှင့် အင်ဒိုနီးရှားအသင်းမှာမူ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများနေသည်။

